


# သာသနာနဲ့ ဆရာကောင်းတွေ့တုန်း ကြိုးစားကြ

## ဒီခေတ်လွတ်သွားရင်သွားပြီ

(၂၂၄)

ဟောကြားသည့်နေ့
၈ - ၆ - ၆၂

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ် (၁၀)မှ
ထုတ်နုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ဟောကြားတော်မူသောတရားတော်

# သာသနာနဲ့ဆရာကောင်းတွေ့တုန်းကြိုးစားကြ
# ဒီခေတ်လွတ်သွားရင် သွားပြီ

ဟောကြားသည့်နေ့
(၈-၆-၁၉၆၂)

**ထုတ်ဝေသူ** ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဒေါ်နုနုဝင်း (မြ - ၀၆၆၅၆)
လောကပါလပုံနှိပ်တိုက်
အမှတ် (၈၄)၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ ဟောကြားသော တရားတော်

# သာသနာနဲ့ဆရာကောင်းတွေ့တုန်းကြိုးစားကြ ဒီခေတ်လွတ်သွားရင် သွားပြီ

ဟောကြားသည့်နေ့ (၈-၆-၆၂)

အားလုံး ဒကာဒကာမတွေမှာ အခုခန္ဓာကြီး ရ,ထားတော့ မင်းဘေး, စိုးဘေး, သူခိုးဘေး ဆိုတာတွေကလည်း အမြဲကြောက်နေရတယ်၊ အိုဘေး, နာဘေး, သေဘေးကလည်း ရှိနေတယ်၊ ၉၆-ပါးရောဂါဘေးတွေကလည်း ရှိနေတယ်လို့ ဆိုတဲ့ဥစ္စာ မောင်နိုင်တို့ မှတ်ရမယ် (မှန်ပါ့)။

## ဘေးရန်တကာ ဝိုင်းနေတယ်

အိုဘေး, နာဘေး, သေဘေး ကလည်း ရှိတယ်၊ ၉၆-ပါး ဘေးကော (ရှိပါတယ်ဘုရား)၊ မင်းဘေး, စိုးဘေး, သူခိုးဘေးတွေ ကကော (ရှိပါတယ်ဘုရား)။

ရှိနေပြီးသကာလ နေတော့ ဒီခန္ဓာကြီးဟာ အလယ်က နေပြီး ဘေးတကာ ရန်တကာ ဝိုင်းနေတယ် ဆိုလို့ရှိရင်ဖြင့် မလွဲပါဘူး (မှန်ပါ့)။

## ခန္ဓာရမှုကြောင့် အဝိုင်းခံရတာ

အဲဒီ ဘေးတကာ ရန်တကာ ဝိုင်းနေတယ် ဆိုလို့ရှိရင်ဖြင့် မလွဲတော့ ကြော်. . . ခန္ဓာရမှုကြောင့် အဝိုင်းခံရတာပဲ ဆိုတာ ပေါ်လာတယ် (မှန်ပါ့)။

ဦးဘကလေး ဘယ်လိုပေါ်လာသတုံး (ခန္ဓာရမှုကြောင့် ဘေးတကာ, ရန်တကာ ဝိုင်းပါတယ်ဘုရား)။

ဘယ်ခန္ဓာရရ၊ ဝိုင်းမှာပဲ (မှန်ပါ့)၊ ကိုစောမောင် ဘယ်ခန္ဓာရရ (ဝိုင်းရမှာပါပဲဘုရား) ဝိုင်းမှာပဲ၊ ၉၆-ပါးက ဝိုင်းလိုက် ဇာတိ, ဇရာ, မရဏ တွေက သုံးယောက်ပေါင်းပြီးသကာလ နှိပ်စက်လိုက်၊ မင်းတွေ, စိုးတွေ, သူခိုးတွေကလည်း နှိပ်စက်လိုက် ပေါ့ဗျ၊ ရာသီဥတု တွေကကော (နှိပ်စက်ပါတယ်ဘုရား)။

## အနှိပ်စက်ခံက ခန္ဓာငါးပါး

နှိပ်စက်တော့ ခံရတဲ့လူက ခန္ဓာငါးပါးနော် . . . နှိပ်စက်တဲ့ လူက မရေတွက်နိုင်ဘူး (မှန်ပါ့)။

နှိပ်စက်တဲ့လူက (မရေတွက်နိုင်ပါဘုရား)။

မရေတွက်နိုင်ဘူးလို့ဆိုတော့ ဒကာဒကာမတွေက စဉ်းစားရမယ်၊ ဩော် . . . ခန္ဓာရတဲ့ အပြစ်ဟာ ဘေးတကာ, ရန်တကာ ဝိုင်းတဲ့ အပြစ်ပါကလားဆိုတာ မပေါ်လာဘူးလား (ပေါ်လာပါတယ်ဘုရား)။

ဒီအထဲကလည်း ဘေးတကာ ရန်တကာ ဝိုင်းတဲ့ အထဲကလည်း သူ့ဝမ်းထဲမှာ ရှိတဲ့ တဏှာက အမျိုးမျိုး ရှာကျွေးပါဦးဆိုလို့ ဘေးတွေ ရန်တွေထဲ အတိုးခိုင်းတာကလည်း ပါလိုက်သေးတယ် (မှန်ပါ့)။

## တဏှာ၊ မာန၊ ဒိဋ္ဌိက အတိုးခိုင်းတယ်

ဘေးတွေ ရန်တွေကလည်း ဝိုင်းလာတယ်၊ ဝိုင်းတဲ့ အထဲကိုပဲ ဝမ်းထဲမှာရှိတဲ့ တဏှာတို့, မာနတို့, ဒိဋ္ဌိတို့ကလည်း သွားသာသွားကွာ၊ လုပ်သာလုပ်ကွာ၊ သေချင်သေ ကျေချင်ကျေ ဆိုပြီး တွန်းတဲ့ ဝမ်းထဲမှာရှိတဲ့ တဏှာ, မာန ဒိဋ္ဌိဆိုတဲ့ အကုသိုလ်တွေကလည်း ဝိုင်းတဲ့အထဲမှာပဲ အတိုးခိုင်းတယ် . . . (မှန်ပါ့)။

ဒါဖြင့် အဝိုင်းခံရတဲ့အထဲ အတိုးခိုင်းပြန်တော့ သေမှ သေပါ့မလားဆိုတာ သံသယရှိဖို့ မလိုပါဘူး (မလိုပါဘုရား) လိုသေးသလား . . . (မလိုပါဘုရား)။

ဘေးတွေ ရန်တွေကလည်း ဝိုင်းနေတဲ့အထဲမှာပဲ စီးပွားရှာဟဲ့၊ သားဖို့၊ သမီးဖို့၊ ဆွေဖို့၊ မျိုးဖို့ ရှာဟဲ့. . . ဆိုပြီး သကာလ သူက ဘေးတွေ၊ ရန်တွေထဲချည်း အတိုးခိုင်းတာပဲ၊ ဘေးတွေ၊ ရန်တွေကလည်း ခန္ဓာရလို့ ဝိုင်းနေတယ်၊ ရိပ်မိကြပလား . . . (ရိပ်မိပါပြီဘုရား)။

ဒီအထဲ အတိုးခိုင်းတာက တဏှာ၊ မာန၊ ဒိဋ္ဌိကကော (အတိုးခိုင်းပါတယ်ဘုရား)။

ကိုစောမောင် ဘယ်ဟာ ကောင်းသတုံး . . . (ဘယ်ဟာမှ မကောင်းပါဘုရား)။

## ခန္ဓာရဲ့အပြစ်ဟာ တယ်ကြီးပါလား

အဲဒါကြောင့် အားလုံး ဒကာဒကာမတွေ ဩော် . . ခန္ဓာအပြစ်ဟာ တယ်ကြီးပါကလား - ရတုန်းကလည်း ခန္ဓာငါးပါးကြီးရတယ်။ ရ၊ ရချင်း ဇာတိ၊ ဇရာ၊ မရဏ နှိပ်စက်မည့် သူသုံးယောက်ကို ထမ်းပြီးသကာလ မွေးဖွားလာတယ်ဆိုရင်လည်း မလွဲပါဘူး (မလွဲပါဘုရား)။

ပြင်ဘက်ရောက်တော့ ဘေးတကာ, ရန်တကာတွေ ဝိုင်းပြီးသကာလ နေတာလည်း သူရှိလို့ ဝိုင်းနေကြတာ . . . (မှန်ပါ့)။

မယုံရင် ကြည့်ပါလား ခင်ဗျားတို့၊ ခြင်ပေါ်တဲ့အရပ် ခြင်က တောင်ဝိုင်းတယ်၊ မဝိုင်းဘူးလား . . . (ဝိုင်းပါတယ် ဘုရား)။

ခြင်ကဝိုင်း, ယင်ကဝိုင်း, အမျိုးမျိုး ဥတုတွေက ဝိုင်းနဲ့ ဩော် . . . ခန္ဓာ့အပြစ်ဟာ တယ်ကြီးပါကလားဆိုတဲ့ဥစ္စာ မှတ်မိကြပေါ့ . . . (မှန်ပါ့)။

## ခန္ဓာကြီးက ဒုက္ခသစ္စာ

ဒါဖြင့် ဒီခန္ဓာကြီးသည်ကားလို့ ဆိုရင် ဘေးတကာ, ရန်တကာတို့၏ အနှိပ်စက်ခံပြီးသကာလ နေရတာ သူ့ကို ဘယ်လိုပဲ ပြောပြော မောင်နိုင် ဒုက္ခသစ္စာပဲ . . . (မှန်ပါ့)။

ဘေးဝိုင်းခံရခြင်းကြောင့်လည်း . . . (ဒုက္ခသစ္စာပါပဲ ဘုရား)။

ဒီထဲကနေပြီး တဏှာ, မာန, ဒိဋ္ဌိတို့က ဘေးထဲ ရန်ထဲကို အတိုးခိုင်းပြီးသကာလ နေသောကြောင့်လည်း သမုဒယသစ္စာ ကလည်း မင်း ဒုက္ခဝိုင်းနေတာ ငါသိတယ်၊ အဲဒီဒုက္ခထဲ သမုဒယ သစ္စာက အတိုးခိုင်းဦးမယ်ဆိုတဲ့ ဥစ္စာလည်း သမုဒယသစ္စာ ကလည်း အတွန်းသမား သက်သက်ပဲ . . . (မှန်ပါ့)။

## သမုဒယသစ္စာက အတွန်းသမား

ဒါဖြင့် ဒုက္ခသစ္စာက အခံသမားသက်သက်၊ သမုဒယသစ္စာက ဒကာ ဒကာမတို့ ဒီထဲကိုပဲ အတိုးခိုင်းတဲ့အထဲမှာ သူအကြီးအကျယ်ခေါင်းဆောင်ပဲ ဆိုလို့ရှိရင်လွဲပ့ါမလား. . . . (မလွဲပါဘုရား)၊ လောဘကလေ. . . (မှန်ပ့ါ)။

တဏှာ၊ မာန၊ ဒိဋ္ဌိကလည်း ဘယ်အထဲတိုးခိုင်းပါလိမ့် (ဒုက္ခထဲအတိုးခိုင်းပါတယ်ဘုရား)။

ခုနင်က ဘေးတကာ ရန်တကာတွေဝိုင်းတဲ့အထဲ အတိုးခိုင်းတယ် (မှန်ပ့ါ)၊ ခန္ဓာကြီးကလည်း ရလာကတည်းက အန္တရာယ်မကင်းဘေးမရှင်းလို့ ဘေးတွေ ရန်တွေ အကုန်ဝိုင်းတယ် ရိပ်မိပလား. . . . (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒီခန္ဓာကြီးဟာ ဒ့ါကြောင့် ဘယ်သူအမြဲရှိတယ်၊ ဘယ်သူအမြဲတော်တယ်လို့ကြားဖူးကြရဲ့လား . . . (မကြားဖူးပါဘုရား)။

မကြားဖူးပါဘူး၊ တော်တော်ကြာ အိုဘေး၊ နာဘေး၊ သေဘေးက ဝိုင်းတာတစ်မျိုး၊ အဖျားအနာဆိုတဲ့ ၉၆-ပါးဘေးတွေက ဝိုင်းတာတစ်မျိုး ဖြစ်သောကြောင့် တော်တော်ကြာခန္ဓာပြောင်းပဟော့. . . ခန္ဓာပျက်ပဟော့. . ဆိုတာ လူတိုင်းပဲ ကြားရမယ်. . . (ကြားရပါတယ်ဘုရား)။

ပြောင်းတယ် - ပျက်တယ်ဆိုတာ မကြားရဘူးလား (ကြားရပါတယ်ဘုရား)။

ဘယ်နှယ့်ကြောင့် ပြောင်းတယ်-ပျက်တယ်ဆိုတာ ကြားရပါလိမ့်မတုံးလို့ မေးတော့ ဩော်. . . သူကလည်း နှိပ်စက်ခံရမည့်တရားကြီး ရ-ထားခြင်းကြောင့် နှိပ်စက်လိုက်လို့ ပြောင်းပြီး ပျက်သွားတာပဲဆိုလို့ရှိရင် လွဲပါ့မလား . . . (မလွဲပါဘုရား)။

## ပျက်အောင်ဘယ်သူက တိုက်တွန်းပါလိမ့်

ပျက်အောင် ဘယ်သူက မြန်မြန်ပျက်အောင် ဘယ်သူက တိုက်တွန်း နှိုးဆော်ပါလိမ့်မလဲလို့ မေးတဲ့အခါကျတော့ သမုဒယသစ္စာက အတွန်းသမားသက်သက် . . . (မှန်ပါ့)။

သမုဒယသစ္စာက (အတွန်းသမား သက်သက်ပါဘုရား)။

အဲ. . . သူကလည်း ဘေးတကာ ရန်တကာတွေဝိုင်းတဲ့အထဲ မင်း . . . တိုးသာ တိုးပါကွာ၊ မဖြစ်နိုင်ပါဘူးပြောလျက်ပဲ . . . (မှန်ပါ့)။

မဖြစ်နိုင်ဘူးပြောလျက်နဲ့ ကိုပေါ်တို့လူစု ခိုင်းလို့ပဲ အမျိုးမျိုး သေကြ-ကျေကြတာတွေ့လည်း တွေ့ဖူးပါပြီ . . . (မှန်ပါ့)။

ဒါဖြင့် ဒီသစ္စာနှစ်ပါးသည် ကျုပ်တို့၏ ရန်သူ သစ္စာနှစ်ပါး (မှန်ပါ့)။

## ဒီသစ္စာနှစ်ပါးဘယ်လိုဆိုကြမယ်

ဒီသစ္စာနှစ်ပါး ဘယ်လိုဆိုကြမယ် (ရန်သူသစ္စာနှစ်ပါး ပါဘုရား)။

ခန္ဓာကြီး က ဒုက္ခသစ္စာကလည်း ဘေးတကာ ရန်တကာ ဝိုင်းပြီး အနှိပ်စက်ခံရသောကြောင့် ဒုက္ခသစ္စာ၊ အဲ. . . အနှိပ်စက်ခံနေရတဲ့ အထဲကမှ ဝိုင်းပြီး ခံရအောင် နှိပ်စက်တဲ့ အထဲလည်း တိုးဦးကွလို့ ပြောတာက သမုဒယသစ္စာ . . . (မှန်ပါ့) ရိပ်မိကြပလား (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် သမုဒယသစ္စာက အတိုးခိုင်း၊ ဒုက္ခသစ္စာက ဘေးက ဒုက္ခတွေက ဝိုင်းပြီး ဒီခန္ဓာနှိပ်စက် . . . (မှန်ပါ့)။

ဒါဖြင့် ဒကာ ဒကာမတို့ အတွင်းအပြင် ခံနေရတယ် . . . (မှန်ပါ့)။

## အတွင်းအပြင်နှိပ်စက်ခံနေရတယ်

ပြင်ဘက်က နှိပ်စက်တာလည်း ကိုစောမောင် . . . (ခံရပါတယ်ဘုရား) အတွင်းက တွန်းပေးလို့ နှိပ်စက်နေတာကော (ခံရပါတယ်ဘုရား)။

အနိုပ်စက်ခံရတာကလည်း ရှိပြီးသကာလ နေတော့ ဒီသစ္စာနှစ်ပါးကို ခင်ဗျားတို့ ပယ်နိုင်ရှားနိုင်မှ ကျန်သစ္စာ နှစ်ပါး ရမယ် (မှန်ပါ့)။

သေသေချာချာမှတ်ပါ ဒကာ ဒကာမတို့ ဒါ . . . သဘောတွေကို ပြောနေပါတယ်။

ဒီသစ္စာနှစ်ပါး ပယ်နိုင်, ရှားနိုင်မှ နိရောဓ နဲ့ မဂ္ဂသစ္စာ ရမယ် (မှန်ပါ့)။

ဒုက္ခနဲ့ သမုဒယကို ပယ်နိုင်, ရှားနိုင်မှ နိရောဓနဲ့ မဂ္ဂ ရမယ် ဦးဘအုန်း၊ သဘောကျရဲ့လား (ကျပါတယ်ဘုရား)၊ မောင်အောင် သိန်းတို့ သဘောကျရဲ့လား (ကျပါတယ်ဘုရား)။

ဘယ်နှစ်ပါး ပယ်ရမှာပါလိမ့် (နှစ်ပါးပယ်ရမှာပါဘုရား)။

သမုဒယနဲ့ ဒုက္ခကို ကိုစောမောင် ပယ်ရမယ်၊ နိရောဓနဲ့ မဂ္ဂကို သိမ်းပိုက်ရမယ် (မှန်ပါ့)၊ ရှင်းပလား (ရှင်းပါပြီ)။

သမုဒယနဲ့ ဒုက္ခကို (ပယ်ရမှာပါဘုရား) နိရောဓနဲ့ မဂ္ဂ ကို (သိမ်းပိုက်ရပါမယ်ဘုရား)။

## နိရောဓနဲ့ မဂ္ဂကို သိမ်းပိုက်ရမယ်

ကဲ . . . နိရောဓနဲ့ မဂ္ဂကို သိမ်ပိုက်ရမယ်၊ သေသေ ချာချာ မှတ်ထားကြပါတဲ့၊ ဩော်. . . အခု တို့ခန္ဓာထဲမှာ မွေးကတည်းက ရှိတာက ခန္ဓာက ဒုက္ခသစ္စာရှိတယ်၊ စားချင်,

သောက်ချင် အိမ်ထောင်ပြုချင်တဲ့ သမုဒယသစ္စာ၊ ကျုပ်တို့မှာ ပါလာတာက ပယ်ရမည့် သစ္စာနှစ်ပါးပဲ ပါလာတယ် (မှန်ပါ့)၊ တကယ့်ကို ကိုယ့်မှာ ကျေးဇူးများမည့်သစ္စာနှစ်ပါးက မပါလာ ဘူး (မှန်ပါ့ မပါ-ပါဘုရား)။

တယ်. . . နစ်နာပါကလား (နစ်နာပါတယ်ဘုရား) သေသေချာချာ ဉာဏ်နဲ့ စဉ်းစားတော့မှ ဩော် . . အမွေးလွဲ၊ အနေလွဲဆိုတာဖြင့် ပေါ်လာတယ် (မှန်ပါ့)။

ခင်ဗျားတို့ အခု သေသေချာချာစဉ်းစားကြည့်၊ တရား သာ အားမထုတ်နဲ့ ဘယ်သစ္စာနှစ်ခုနဲ့ နေရသတုံး (ဒုက္ခနဲ့ သမုဒယပါဘုရား)။

## ခလောင်စာနဲ့မီးနဲ့နေရတယ်

သမုဒယ သစ္စာရယ်၊ ဒုက္ခသစ္စာရယ် ဒီနှစ်ခုနဲ့ နေရတယ် (မှန်ပါ့)။

သမုဒယသစ္စာလည်း ဘုရားရှင် ကိုယ်တော်မြတ်ကြီး ဟောတော့ မီးဟော့-တဲ့၊ မဟောဘူးလား (ဟောပါတယ်ဘုရား) ဒုက္ခသစ္စာလောင်စာကွ-တဲ့၊ ဒီလိုလည်း ဟောသေးတယ် (မှန်ပါ့)။

အဲဒီတော့ မီးနဲ့ လောင်စာနဲ့သာ အမြဲနေရတာပဲ မဟုတ်ဘူးလား (မှန်ပါ့)၊ မီးငြိမ်းဖို့နဲ့ မီးငြိမ်းတဲ့ တရားနှစ်ခုနဲ့ မနေရဘူး (မှန်ပါ)။

မီးငြိမ်းတာက နိရောဓသစ္စာ၊ ငြိမ်းပေးတာက မဂ္ဂသစ္စာ (မှန်ပါ့)။

## မီးငြိမ်းပေးတာက မဂ္ဂသစ္စာ

ငြိမ်းတာက နိရောဓသစ္စာ၊ ငြိမ်းပေးတာက မဂ္ဂသစ္စာ၊ အဲဒီ သစ္စာနှစ်ပါးက မပါဘူး၊ ပါလာရဲ့လား (မပါ-ပါဘုရား)။

ဒီသစ္စာနှစ်ပါးက မပါလာ၊ ကိုယ်မကြိုက်တဲ့ အရုပ်ဆိုး နှစ်ခုကတော့ ရှိနေတယ် (မှန်ပါ့) ဘယ်လောက် ကြောက်စရာ ကောင်းတယ်ဆိုတာ ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

## ဆရာပြောပေးလို့ သစ္စာနှစ်ခုပေါ်တာ

ဒါဖြင့် ခုလို သာသနာတွင်း ပြောပေး, ဆိုပေးမည့် ဆရာသမားကလည်းရှိ ဒီလိုရှိတဲ့အခါမှသာ ဟိုသစ္စာနှစ်ပါးက ပေါ်လာတာ (မှန်ပါ့) နို့မဟုတ်ရင် ဘယ်တော့မှ မပေါ်တော့ ဘူး (မှန်ပါ့)။

ဒါဖြင့် ဒီလို ဆရာသမားကလည်း မရှိ၊ သာသနာတွင်း ကလည်း မကြုံတော့ဘူးဆိုတော့ မောင်နိုင်-ဘယ်သစ္စာနှစ်ပါးနဲ့ အဖော်လုပ်နေရသလဲ (သမုဒယနဲ့ ဒုက္ခသစ္စာ အဖော်လုပ်နေ ရပါတယ်ဘုရား)။

အသေတွန်းမည့်တရား၊ အသေခံမည့် တရား ဒီနှစ်ခုနဲ့ ပေါင်းနေရတယ် . . . (မှန်ပါ့)။

## အသေတွန်းမည့်တရား၊ အသေခံရမည့်တရား

အသေတွန်းမည့် တရားက သမုဒယသစ္စာ၊ အသေခံရမည့် တရား ခန္ဓာငါးပါး ဒုက္ခသစ္စာတရား၊ ဒီနှစ်ခုနဲ့သာ ဒကာဒကာမတွေမှာ နေ့တိုင်း အချိန်ကုန်ခဲ့တယ်၊ ဘဝတိုင်း အချိန်ကုန်ခဲ့တယ် ဆိုတဲ့ဥစ္စာ မောင်နိုင်-ရှင်းမသွားဘူးလား . . . (ရှင်းသွားပါတယ်ဘုရား)။

ဘယ်သစ္စာနှစ်ပါးနဲ့သာ ကျုပ်တို့က နေခဲ့ရသလဲ (သမုဒယ သစ္စာနဲ့ ဒုက္ခသစ္စာပါဘုရား)၊ သမုဒယနဲ့ ဒုက္ခနဲ့ပဲ နေခဲ့ရတယ်ဆိုတာ သေချာကြပလား . . . (သေချာပါပြီဘုရား)။

နိရောဓနဲ့ မဂ္ဂဆိုတာ မြော်မှန်းလို့ တောင်မှ မသိဘူး . . . (မှန်ပါ့) ဦးဘလေး ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

## သာသနာတွင်း ဆရာကပြောလို့

ဒီခေတ် ဒီအခါကြီးမှာ ဒကာ-ဒကာမတွေ ကျကျနန အခု သာသနာတွင်း ဆရာသမားကလည်း ပြော၊ ဒီအခါမှာ ခုနင်က သိမ်းပိုက်ရမည့် သစ္စာနှစ်ခုကို ကိုယ်ပိုင်ရလို့ရှိရင်ဖြင့်

ခင်ဗျားတို့ ဒုက္ခဇာတ်ဖြင့် ဆက်စရာမရှိဘူး သိမ်းပြီ၊ နို့မဟုတ်လို့ ရှိရင် ကိုပေါ်-မသိမ်းနိုင်ဘူး . . . (မှန်ပါ့)။

ကိုင်း . . . ဒီသစ္စာ လွတ်သွားရင် ကိုစောမောင် ဘယ့်နှယ်တုံး သွားပြီ . . . (သွားပါပြီဘုရား)။

တစ်ခါတည်း ပြောပေးမည့် ဆိုပေးမည့် ကလျာဏမိတ္တ ဆိုတဲ့ သူတော်ကောင်းနဲ့လည်း လွဲသွားပြန်ပြီ (မှန်ပါ့)၊ မသွား ဘူးလား (သွားပါပြီဘုရား)။

ဒါဖြင့် ဦးဘကလေး အချိန်ရှိခိုက် လုံ့လစိုက်ဆိုတာ ဒါဆိုတာပါပဲ . . . (မှန်ပါ့)။

## အချိန်ရှိခိုက် လုံ့လစိုက်ဆိုတာဒါပဲ

အချိန်ရှိခိုက် လုံ့လစိုက်ဆိုတာ (ဒါပါပဲဘုရား)၊ ဒါဆိုတာ ပဲ ပယ်ရမည့် သစ္စာနှစ်ခုကို ပယ်ရမယ်. . . (မှန်ပါ့)၊ သိမ်းပိုက်ရ မည့် သစ္စာနှစ်ခုကို (သိမ်းပိုက်ရပါမယ်ဘုရား)။

အဲဒီတော့ ကိုယ့်မှာအဖော်လုပ်နေရတာက ဒီကနေ့ ဆရာဘုန်းကြီးက ရှင်းရှင်းပဲပြောလိုက်တဲ့အတွက် ကိုယ့်မှာ အဖော်လုပ်နေရတာက နှိပ်စက်ခံရတဲ့ဒုက္ခသစ္စာဆိုတဲ့ ခန္ဓာငါးပါး ကြီးအမြဲမပြတ် နှိပ်စက်ပြီးသကာလ နှိပ်စက်တဲ့အထဲမှာပဲ မရောက်ရောက်အောင် ပို့နေတဲ့ သမုဒယသစ္စာ. . . (မှန်ပါ့)၊ ကိုပေါ်-ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

ဦးဘအုန်းရိပ်မိပြီ. . . (ရိပ်မိပါပြီဘုရား)၊ ဒီသစ္စာနှစ်ပါးနဲ့ နေရတာပဲ. . . (မှန်ပါ့)၊ နောက်က ဒကာ-ဒကာမတွေ ကိုယ့်အထဲ ဘယ်သစ္စာနှစ်ပါးသာ အမြဲရှိပါလိမ့် (သမုဒယနဲ့ ဒုက္ခ သစ္စာသာ ရှိပါတယ်ဘုရား)။

ကိုင်း. . . ကောင်းကြသေးရဲ့လား (မကောင်းပါဘုရား)၊ သေသေချာချာဉာဏ်နဲ့ စဉ်းစားတော့မှ ဪ. . ငါတို့ဟာ သမုဒယသစ္စာဆိုတာရယ် ဒုက္ခသစ္စာဆိုတာရယ် ဒီနှစ်ခုပဲ၊ သမုဒယသစ္စာကလည်း ပယ်ရမည့်သစ္စာ၊ ဒုက္ခသစ္စာကလည်း အနှိပ်စက်ခံရတဲ့သစ္စာမို့ သူလည်းပယ်ရမည့်သစ္စာပဲ (မှန်ပါ့)၊ သဘောကျပလား (ကျပါပြီဘုရား)။

## ခွေးတွေမှာဘာသစ္စာရှိသတုံး

အဲဒီနှစ်ခုနဲ့သာလျှင် ကျုပ်တို့ ဘဝများစွာနေခဲ့ရတယ်၊ ဟိုသစ္စာနှစ်ပါးက မျှော်မှန်းလို့တောင်မှ ရှိမှန်းလည်းမသိ၊ နည်းပေးမည့်သူလည်းမရှိ၊ ဘယ်တော့မှ မတွေ့ခဲ့ဘူးဆိုတော့ ကိုစောမောင် ဘုန်းကြီးတို့ကျောင်းမှာရှိတဲ့ ခွေးတွေမှာ ဘာ သစ္စာသာရှိသတုံး စဉ်းစားစမ်း (သမုဒယနဲ့ ဒုက္ခသစ္စာပဲ ရှိပါတယ်ဘုရား)။

သမုဒယနဲ့ ဒုက္ခပဲရှိတယ်၊ ဘုန်းကြီးက ဒီကပြောနေခြား သော်လည်း သူတို့ကြားရဲ့လား (မကြားပါဘုရား)၊ ထောင်တတ်တဲ့ နားပါရဲ့လား (မပါ-ပါဘုရား)။

## ဒုက္ခနဲ့သမုဒယနဲ့နေရတယ်

ကဲ. . . သူတို့ သစ္စာနှစ်ပါးနဲ့ ဆိုတော့ ဒကာ ဒကာမတို့ နှိပ်စက်ခံရတဲ့ ဒုက္ခသစ္စာရယ်၊ နှိပ်စက်ခံတဲ့အထဲကို မသေသေအောင် တွန်းတဲ့ သမုဒယသစ္စာရယ် ကိုစောမောင် ဒီနှစ်ခုနဲ့ နေရတယ် (မှန်ပါ့)။

သူက နောက်တစ်ခါသေပြန်တော့လည်း ဘယ်သစ္စာ ပြန်ရမတုံး တစ်ခါစဉ်းစားစမ်း (သမုဒယနဲ့ဒုက္ခပဲ ပြန်ရပါတယ် ဘုရား)၊

ကိုင်း. . ဒကာ ဒကာမတို့ မျှော်လင့်ချက်ကို ရှိပါသေးရဲ့ လား (မရှိပါဘုရား)။

## ဒီခေတ်လွတ်သွားရင်သွားပြီ၊ ဂရုဏာရှိလို့ပြောတာ

ကဲ. . . ဒါဖြင့် အခု ဒီခေတ်လွတ်သွားတဲ့ပုဂ္ဂိုလ်ဖြင့် ဘုန်းကြီးက ခင်ဗျားတို့ အလွန်ကရုဏာရှိလို့ ပြောတာ (မှန်ပါ့)၊ ဒီခေတ်လွတ်သွားရင် သွားပြီ (သွားပါပြီးဘုရား)။

နောက်က ဒကာ ဒကာမတွေ သေသေချာချာ နားလည်ရဲ့လား (နားလည်ပါတယ်ဘုရား)၊ ဒီခေတ်လွတ်သွားပြီးရင်တော့ဖြင့် (သွားပါပြီဘုရား)။

ခင်ဗျားတို့ လုပ်နေတဲ့ ခုနင်က ပြောခဲ့တဲ့ကုသိုလ်တွေကလည်း ဒီမဂ္ဂသစ္စာကို မလုပ်သရွေ့ကာလပတ်လုံး နိရောဓသစ္စာကို မရောက်ဘူး (မှန်ပါ့)။

မရောက်တော့ ခင်ဗျားတို့ ထိုက်တန်သလောက် ဗုဒ္ဓဘာသာမို့ အားကိုးနေတဲ့ ကုသိုလ်ကလည်း သမုဒယက အုပ်ချုပ်တယ် (မှန်ပါ့)၊ မောင်နိုင် သမုဒယက အုပ်ချုပ်တယ် (မှန်ပါ့)။

ဒါ့ကြောင့် "အဝိဇ္ဇါ ဘိက္ခဝေ အဝိဇ္ဇာဂတော ပုညာဘိသင်္ခါရမ္ပိ အဘိသင်္ခရောတိ" အဝိဇ္ဇာဂတော= အဝိဇ္ဇာ ဦးစီးနေသော ပုဂ္ဂိုလ်သည်၊ ပုညာဘိသင်္ခါရမ္ပိ = ဘုံဘဝရောက်တတ်တဲ့ကုသိုလ်ကိုလည်း အဘိသင်္ခရောတိ =ပြုလုပ်တတ်၏။

## ခန္ဓာရတဲ့ကုသိုလ်ပဲလုပ်တတ်တယ်

အဝိဇ္ဇာဦးစီးနေတဲ့ ပုဂ္ဂိုလ်ဟာ အဝိဇ္ဇာဦးစီးနေတော့ ခန္ဓာရတဲ့ ကုသိုလ်ပဲ လုပ်တတ်တယ် (မှန်ပါ့)၊ ခန္ဓာချုပ်ငြိမ်းတဲ့ ကုသိုလ်ကော (မလုပ်တတ်ပါဘုရား)။

မလုပ်တတ်တော့ကိုတဲ့ ဒီ-ခန္ဓာကြီးသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် အဝိဇ္ဇာဦးစီးတဲ့ ပုဂ္ဂိုလ်မှာ ဘယ်ကုသိုလ်တွေ လုပ်နေနေ

ဒကာ ဒကာမတွေက မှတ်လိုက်တာပေါ့ ခန္ဓာရတဲ့ ကုသိုလ်ပဲ ဖြစ်မယ် (မှန်ပါ့)။

အဝိဇ္ဇာ ဦးစီးတဲ့ပုဂ္ဂိုလ်မှာ (ခန္ဓာရတဲ့ကုသိုလ်ပဲ လုပ်တတ်ပါတယ်ဘုရား)၊ ခန္ဓာရတဲ့ ကုသိုလ်ပဲ လုပ်တတ်တယ်၊ ခန္ဓာဇာတ်သိမ်းငြိမ်းတဲ့ကုသိုလ်လုပ်တတ်ပါ့မလား (မလုပ်တတ်ပါဘုရား)။

အဲဒါကြောင့် ယနေ့တော့ဖြင့် ဒကာ ဒကာမတွေ အဝိဇ္ဇာ၏ လက္ခဏာကိုလည်း သိအောင်ပြောပါ့မယ်၊ အဝိဇ္ဇာလည်း သြော်. . . မင်းတို့ ဒီလိုမြင်လို့ရှိရင် အဝိဇ္ဇာချုပ်ပြီဟေ့-ဆိုတာကလည်းသက်သေခံလုံလောက်အောင် ပြပါ့မယ်၊ အင်မတန်အရေးကြီးတယ်ဆိုတာလည်း ဦးဘကလေး မှတ်ရမယ် (မှန်ပါ့)။

## ကိုယ်အဖြစ်ကိုယ်သိအောင်လို့ပြောတာ

ကိုင်း. . . ဒါဖြင့် ခုနင်ကစပြီး အခု ၁၅- မိနစ်၊ မိနစ် ၂၀-ဆိုသလို ပြောလာတာက ကိုယ့်အဖြစ်ကိုယ်သိအောင်လို့ ပြောတာ (မှန်ပါ့)။

ကိုပေါ် (မှန်ပါ့ဘုရား)၊ နောက်က ဒကာ ဒကာမတွေ ကိုယ့်အဖြစ် ကိုယ်သိရဲ့လား. . . (သိပါပြီဘုရား)၊ ဘယ်သစ္စာနှစ်ပါးနဲ့နေရသလဲ (သမုဒယနဲ့ ဒုက္ခသစ္စာနှစ်ပါးနဲ့ နေရပါတယ်ဘုရား)။

ဒုက္ခသစ္စာကနှိပ်စက်တတ်တဲ့သစ္စာ (မှန်ပါ့ဘုရား)၊ သမုဒယသစ္စာက နှိက်စက်ဖို့ရာကို အထည်လုပ်ပေးတဲ့ သစ္စာ. . . (မှန်ပါ့ဘုရား)၊ မောင်နိုင် . . . ရှင်းပလား (ရှင်းပါပြီ ဘုရား)။

ဒုက္ခသစ္စာက (နှိက်စက်တတ်ပါတယ်ဘုရား)၊ နှိပ်စက်တတ်တဲ့ ဒုက္ခသစ္စာ၊ သမုဒယသစ္စာက နှိပ်စက်တတ်တဲ့ တရားမပေါ် ပေါ်အောင်လုပ်တဲ့သစ္စာ (မှန်ပါ့)၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

## ဘယ်လောက်ကြာကြာနေခဲ့ရသတုံး

ဒါဖြင့် ဒီသစ္စာနှစ်ပါးနဲ့ပဲ တပည့်တော်တို့ ဘယ်လောက်ကြာကြာ နေခဲ့ရသတုံးလို့ မေးတဲ့အခါကျတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ငါ အစရှာမတွေ့ဘူးတဲ့ (မှန်ပါ့)။

အစရှာမတွေ့ဘူးတဲ့၊ ဒကာ ဒကာမတွေတို့ သဘောပါပလား (ပါ-ပါပြီဘုရား)။

ဒီသစ္စာနှစ်ပါးနဲ့ပဲ နေခဲ့တာပဲတဲ့၊ အဲဒါကြီးကို ငါသည်ကားလို့ဆိုရင် ဒီသစ္စာနှစ်ပါးနဲ့ နေခဲ့တာကို ပုဂ္ဂိုလ်အဖြစ်နဲ့. . . ရေတွက်မယ်ဆိုလို့ရှိရင်ဖြင့် ငါရှာလို့ကို အစရှာမတွေ့ဘူးတဲ့၊ ပုဂ္ဂိုလ်အဖြစ်နဲ့ နောက်ဆုတ်ပြန်ကြည့်ပေါ့လေ. . . (မှန်ပါ့)၊

## ဓမ္မသဘောနဲ့ရှုလိုက်ရင်

ဓမ္မ သဘောနဲ့ ရှုလိုက်လို့ရှိရင်ဖြင့် အဝိဇ္ဇာနဲ့ တဏှာပဲ ရှိတယ်လို့၊ ဒီလိုတော့ ငါဖြစ်ကြောင်း ဓမ္မတော့ ဖမ်းနိုင်ရဲ့တဲ့၊ အထည်တွေကို နောက်ဆုတ် တွေးလို့တော့ မကုန်ဘူးတဲ့ (မှန်ပါ့)၊ သဘောကျပလား (ကျပါပြီဘုရား)။

အထည်တွေ နောက်ဆုတ် တွေးလို့ရှိရင် . . . (မကုန်ပါဘုရား)။

ဖြစ်ကြောင်းဓမ္မ လက်သည်ရှာလိုက်တော့ ဘာတွေ့သလဲ (အဝိဇ္ဇာ တဏှာတွေ့ပါတယ်ဘုရား)။

အဲ. . . ဒါတွေ့လာတယ်တဲ့၊ ဒါကြောင့် သူတို့နှစ်ခု ဦးစီးနေတဲ့အတွက် မင်းတို့ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာနဲ့ချည်းပဲ နေခဲ့ကြရတယ်ဆိုတော့ လောင်စာနဲ့ မီးချည်းနေခဲ့ကြရတယ် (မှန်ပါ့)၊ ရိပ်မိကြပလား (ရိပ်မိပါပြီဘုရား)။

ဘာနဲ့ နေခဲ့ကြသလဲ (လောင်စာနဲ့ မီးချည်း နေခဲ့ကြရပါတယ်ဘုရား)၊ လောင်စာနဲ့ မီးချည်း နေခဲ့ရတယ် ဆိုတာဖြင့် သေချာပါပြီ (သေချာပါပြီဘုရား)။

ကဲ. . . ဒါဖြင့် လောင်စာသိမ်း၍ မီးငြိမ်းတဲ့ သစ္စာနှစ်ပါး၊ လောင်စာသိမ်းတယ်ဆိုတဲ့ ဥစ္စာက မဂ္ဂသစ္စာ၊ သူမှ သိမ်းပေးနိုင်တယ် (မှန်ပါ့)၊ မီးငြိမ်းတယ် ဆိုတာက ငြိမ်းသွားရင် နိရောဓ

သစ္စာ၊ လောင်စာသိမ်း၍ မီးငြိမ်းတဲ့သစ္စာနှစ်ပါးနဲ့တော့ မျှော်မှန်းလို့တောင် ဘယ်နေရာရှိမှန်း မသိဘူး (မှန်ပါ့)။

ဘယ်လောက်ထိအောင် ကျုပ်တို့အရုပ်ဆိုး, အကျည်းတန်ခဲ့တယ်ဆိုတာဖြင့် ပြောနေဖို့လိုသေးသလား (မလိုပါဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတွေ ခင်ဗျားတို့အဖြစ်ကလေးဟာ ဒီ-ကိုယ့်ဟာကလေးနဲ့ကိုယ် တင်းတိမ်မနေဘဲနဲ့ အင်း . . . ဒီသစ္စာနှစ်ပါးနဲ့သာ အရုပ်ဆိုး သစ္စာနှစ်ပါးနဲ့သာ နေခဲ့ရလို့ရှိရင်ဖြင့် ငါသည် ကိုယ်ကျိုးနည်းပြီ။

## ခေါင်းဆောင်ကောင်းနဲ့တွေ့တုန်း

သိမ်းပိုက်ရမည့်သစ္စာနှစ်ပါး၊ ချမ်းသာပေးမည့် သစ္စာနှစ်ပါးတော့ ငါတို့ကလည်း မျှော်မှန်းလို့မှ မကြည့်တတ်တော့ အခုကြည့်တတ်တဲ့ ဘဝခေါင်းဆောင်ကောင်းနဲ့တွေ့ တုန်းကို ငါတို့သည် ဒီဇာတ်သိမ်းမှပဲ လောင်စာမီးဟာ သိမ်းမှာပဲ ဆိုတာကို ဒီနေ့ တရားပွဲမှာ မွေးရလိမ့်မယ် (မှန်ပါ့)။

ဦးဘလေး သဘောပါပလား (ပါပါတယ်ဘုရား)။

လောင်စာနဲ့ မီးကို သိမ်းရလိမ့်မယ် (မှန်ပါ့)၊ လောင်စာသိမ်း၍ မီးငြိမ်းတာ ရှာရလိမ့်မယ် (မှန်ပါ့)။

မောင်နိုင် လောင်စာနဲ့ မီးကို (လောင်စာသိမ်း၍ မီးငြိမ်းတာရှာရပါမယ်ဘုရား)။

အေး. . . လောင်စာနဲ့မီး သိမ်းရမယ်နော် (မှန်ပါ့)၊ ပြီးတော့မှ လောင်စာသိမ်း၍ မီးငြိမ်းတာရှာရမယ် (မှန်ပါ့)။

လောင်စာနဲ့မီးကိုတော့ (သိမ်းရပါမယ်ဘုရား)၊ လောင်စာသိမ်း၍ မီးငြိမ်းတာတော့ (ရှာရပါမယ်ဘုရား)။

ရှာရမယ်ဆိုတဲ့ဥစ္စာ ဪ . . . ဒါဖြင့် အင်မတန် အရေးကြီးပါပေါ့လားဆိုတာ ပေါ်သွားပြီ (ပေါ်ပါပြီဘုရား)။

ဒါ-သစ္စာက အင်မတန်အရေးကြီးပါတယ်ဆိုတာ ဒကာဒကာမတို့ ဒီပြင် ဒါနတရား၊ သီလတရားတို့ကို ကိုစောမောင်ဘိုဟာတွေက လမ်းမဆုံးတော့ဘဲကိုး (မှန်ပါ့)၊ သူကတော့ လမ်းဆုံးတဲ့ တရားဖြစ်နေတော့ မောင်နိုင် အလွန် အရေးကြီးတယ် (ကြီးပါတယ်ဘုရား) မကြီးဘူးလား (ကြီးပါတယ်ဘုရား)။

နောက်က ဒကာ ဒကာမတွေ (အရေးကြီးပါတယ်ဘုရား)၊ ကြီးတယ်ဆိုတာ ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

## ခန္ဓာကိုယ်ထဲမှာဉာဏ်နဲ့သာကြည့်

ခင်ဗျားတို့ ခန္ဓာကိုယ်ထဲမှာ ဉာဏ်နဲ့သာကြည့်၊ ကိလေသာ သမုဒယသစ္စာက မီး၊ ခန္ဓာကြီးက ထင်း ဒါပဲရတယ် (မှန်ပါ့)၊ မောင်နိုင် သဘောပါပလား (ပါပပြီဘုရား)။

ခုနင်က မီးငြိမ်းပေးတဲ့ မဂ္ဂသစ္စာကလည်း မလာဘူး (မလာပါဘုရား)၊ ဒုက္ခသိမ်းတဲ့ ဒုက္ခငြိမ်းသွားတဲ့ နိရောဓသစ္စာကကော (မလာပါဘုရား)။

မလာတော့သစ္စာနှစ်ပါး ကွယ်ပြီးသကာလ ဒကာ ဒကာမတို့ ဘာမှ အကျိုးမများတဲ့ နှိပ်စက်တဲ့ သစ္စာနှစ်ပါး ကတော့ ကိုယ်ပိုင်ရတယ်. . . (မှန်ပါ့)။ လွတ်ရေး, ကျွတ်ရေး ဖြစ်တဲ့ သစ္စာနှစ်ပါးကတော့ မရဘဲဖြစ်နေတယ် (မှန်ပါ့)၊ ဘယ် လောက်များ ကြောက်စရာကောင်းသလဲ (ကောင်းပါတယ် ဘုရား)၊ ရှင်းကြပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာ-ဒကာမတို့၊ ကိုယ့်အဖြစ်ကိုယ်သိပလား (သိပါပြီဘုရား)။

## ထင်းနဲ့မီးသာရှိနေသေးတယ်

အင်း. . . ငါတို့သည်ကားလို့ ဆိုရင်ဖြင့် အရပဲတော်နေ သလားလို့မေးတဲ့အခါကျတော့ ထင်းနဲ့မီးသာရှိနေသေးတယ်၊ မီး ငြိမ်းပေးမည့်တရား မရသေးဘူး (မှန်ပါ့)၊ မီးငြိမ်းသွားတဲ့သဘော မရောက်သေးဘူး (မှန်ပါ့)၊ ကိုစောမောင် အတော်ခက်နေတယ် (ခက်ပါတယ်ဘုရား)။

အားလုံး ဒကာ ဒကာမတွေ ဉာဏ်နားကြီးကြီးနဲ့ ထောင် တော့မှ သြော် - ဟို နှစ်ခု မရသေးသရွေ့ ကာလပတ်လုံးဖြင့် အခက်ကြီးခက်ပါကလား (မှန်ပါ့)။

နိရောဓနဲ့ မဂ္ဂ မရသေးသရွေ့ ကာလပတ်လုံးဖြင့် (အခက်ကြီးပါဘုရား)။

## မီးငြိမ်းပေးမည့်တရားကမပါ

ဘာကြောင့်ခက်တယ်လို့ ဆရာဘုန်းကြီးက မောင်အောင်ချိုတို့ကို ပြောရသတုံးလို့ မေးတဲ့အခါကျတော့မှ ဪ. . . မင်းတို့သန္တာန်ကလည်း ထင်းနဲ့မီးပဲရှိနေတယ်. . . (မှန်ပါ့)၊ မီးငြိမ်းပေးမည့်တရားကမပါ၊ ငြိမ်းနေတဲ့ သဘောကြီးကလည်း မရှိသေးဆိုတော့ မောင်နိုင် အတော်ခက်နေတယ် (ခက်ပါတယ်ဘုရား)။

ဒကာ ဒကာမတွေ အင်မတန်တွေးမှ ပေါ်တယ်နော် (မှန်ပါ့ဘုရား)၊ နို့မဟုတ်ရင် ကိုယ့်ဟာကလေးနဲ့ကိုယ်တင်းတိမ်ပြီး သကာလ တော်သေးရဲ့ဆိုတာ ဒါကလေးဇာတ်သိမ်းကြစမ်းပါ . . . (မှန်ပါ့)၊ တော်သေးရဲ့ မဟုတ်သေးလို့ပါ (မှန်ပါ့)၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

## "တော်သေးရဲ့"ဆိုတာ အရှုံးပြောတဲ့စကား

တော်သေးရဲ့လို့ စိတ်ထဲမှာ မမွေးပါနဲ့ဦး ဆိုတဲ့ဥစ္စာ လိုသေးလို့ ပြောပါတယ်. . . (မှန်ပါ့)။

တော်သေးရဲ့ဆိုတဲ့စကားကို (မမွေးပါနဲ့ဦး)၊ မမွေးပါနဲ့ဦး ဆိုတာ ဘယ်နှယ့်ကြောင့်တောင်းပန်ပါလိမ့်. . . (လိုသေးလို့ပါဘုရား)၊ လိုသေးတယ်. . .၊ ဘယ့်နှယ်ကိုယ့်မှာ ထင်းနဲ့မီး လောင်တုန်းရှိသေးတဲ့ဥစ္စာ တော်သေးရဲ့ . . . ဆိုတော့

ကိုစောမောင်၊ ဒီတော်သေးရဲ့ ဆိုတဲ့စကားဟာ လူကောင်းပြော တဲ့စကားလား - အရူးပြောတဲ့စကားလား (အရူးပြောတဲ့စကားပါ ဘုရား)။

ထင်းလည်းသိမ်းပြီ၊ မီးလည်းငြိမ်းပြီဆိုမှ တော်သေးရဲ့ (မှန်ပါ့)၊ ဒီကျမှသုံးရမှာ. . . (မှန်ပါ့)။

ဦးဝ. . . ဒီကျမှသုံးမှပေါ့၊ အခုသုံးချိန်လားတဲ့၊ လောင် ဆဲပဲရှိသေးသလား. . . (လောင်ဆဲပါဘုရား)။

မီးရှို့ကြည့်ပါ၊ လောင်ဆဲရှိနေတုန်းရှိလို့ရှိရင် ဒကာ ဒကာမတွေ ကိုယ်ကတော့ငြိမ်းလျက်ပဲ လောကီရေ တွေနဲ့ပေါ့ဗျာ . . . ဘယ့်နှယ်နေသတုံးဟော့မေးရင် မရသေးဘူးဗျာပြောမှာပဲ (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)၊ မရသေးဘူး ဆိုတဲ့အဓိပ္ပါယ်သည်ကားလို့ဆိုရင်ဖြင့် ကျုပ်တို့မနိုင်သေးဘူးဆိုတဲ့ အဓိပ္ပါယ်ပဲ (မှန်ပါ့)၊ နောက်ကျတော့လောင်စာလည်းမရှိဘူး၊ ထင်းလည်းမရှိဘူးဆိုမှ အင်း. . . နောက်ဘယ်သူ့မှမကူးစက်ဘူး ဗျို့၊ အေးပြီ. . . အေးပြီဆိုတာပြောရမှာ၊ (မှန်ပါ့)၊ အခုတော့ လောင်ဆဲရှိသေးတဲ့ဥစ္စာ တော်သေးရဲ့လို့တော့ မသုံးလိုက်ပါနဲ့ (မှန်ပါ့)။

## လောင်စာသိမ်းပြီးမီးငြိမ်းတဲ့တရားရှာကြ

နောက်က ဒကာ ဒကာမတွေ ရှင်းရဲ့လား (ရှင်းပါတယ်

ဘုရား)၊ ကဲ. . . ဒါဖြင့် ပြောကြပါစို့တဲ့၊ လောင်စာသိမ်းပြီး သကာလ မီးငြိမ်းတဲ့တရားကိုပဲရှာကြပါစို့၊ ရှာကြပါစို့ဆိုတော့ လက်သည်တွေ့ပါပြီနော် (မှန်ပါ့)၊ ကဲ. . . ခင်ဗျားတို့ အလိုရှိ တာက ဒကာ ဒကာမတို့ ဘယ်သစ္စာကို အလိုရှိကြပါလိမ့်၊ (နိရောဓသစ္စာနဲ့ မဂ္ဂသစ္စာကိုအလိုရှိပါတယ်ဘုရား)၊ ဒါပဲအလိုရှိ ရမယ် (မှန်ပါ့)၊ အခု ရထားတာကြီးကဖြင့် တပည့်တော်တို့ ကိုယ်ကျိုးနည်းပြီ (မှန်ပါ့)၊ ပေါ်ပြီနော် (ပေါ်ပါပြီဘုရား)၊ ရထား တာကြီးကဖြင့် (ကိုယ်ကျိုးနည်းပါပြီဘုရား)။

ကိုယ်ကျိုးနည်းပြီဆိုတာ ဘာမှ ဘယ်သူက ပြောပြော မယုံနဲ့၊ ကိုယ်ကိုယ်တိုင်တွေ့နေရတာ (မှန်ပါ့)၊ သူများပြောလား ကိုယ့်ဝမ်းထဲမှာ ကိလေသာမီးနဲ့ ခန္ဓာကြီးလောင်လျက်ပဲလား သာမေးကြည့် (လောင်လျက်ပါဘုရား)။

ခန္ဓာကြီးလောင်လျက်ပဲ (မှန်ပါ့)၊ အပြေးသွားရတဲ့နေ့ လည်း ကိုစောမောင် မနည်းလှဘူး (မနည်းပါဘုရား)၊ ကိလေ သာ မီးလောင်လို့ ခန္ဓာကြီး အပြေးသွားရတာ (မှန်ပါ)၊ သဘော ကျပလား (ကျပါပြီ)။

## ခန္ဓာကြီးကမီးလောင်ဆဲရှိသေးတယ်

အဲဒီတော့ ခန္ဓာကြီးသည်ကားလို့ ဆိုလို့ရှိရင် မီးနဲ့ထင်းတွဲ လျက် ဖြစ်နေတော့ လောင်ဆဲပဲရှိသေးတော့ တော်သေးရဲ့ဆိုတဲ့

စကား မသုံးပါနဲ့ဆိုတာ ဒကာ ဒကာမတို့ သစ္စာနဲ့ပတ်သက်ရင် တော့ဖြင့် အမှန်တရားကိုပြောရတဲ့အတွက် ဦးဘအုန်း သုံးရ လိမ့်မယ် (မှန်ပါ့)၊ မသုံးရပေဘူးလား (သုံးရပါမယ်ဘုရား) ရှင်းကြပလား (ရှင်းပါပြီ)။

အဲဒါကြောင့် ဒကာ ဒကာမတို့ တော်သေးရဲ့ဆိုတာ သည် မီးလေးပုံတစ်ပုံငြိမ်းသွားတယ်ဆိုရင်လည်း တော်သေးရဲ့ (မှန်ပါ့)၊ နှစ်ပိုင်းတစ်ပိုင်းငြိမ်းသွားတယ်ဆိုလို့ရှိရင်ကော (တော်ပါ သေးတယ်ဘုရား)၊ အကုန်ငြိမ်းသွားလို့ရှိရင်တော့ဖြင့် အေးအေး နေပါတော့ (မှန်ပါ့)၊ မငြိမ်းသေးသရွေ့ကာလပတ်လုံး ပေါ့ပေါ့ တန်တန်နေလို့ (မတော်ပါဘုရား)။

ကူးစက်ဦးမှာပဲ (မှန်ပါ့)၊ ဒီခန္ဓာပြီး ဟိုခန္ဓာ ရပြီး ဒီလို လောင်ဦးမှာပဲ (မှန်ပါ့)၊ အဲဒီ လောင်ပြီးတဲ့ ခန္ဓာပြီး ဟိုဘက်ခန္ဓာ ရပြန်တော့ (လောင်ဦးမှာပါဘုရား)။

အဲဒီတော့ ခန္ဓာအိမ် ရှိသလောက် လျှောက်လောင် မှာကို ဒကာ ဒကာမတွေက သိပြီးသား ဖြစ်ပြီးသကာလ နေတော့ မီးငြိမ်း တဲ့တရားရှာဖို့ မီးသိမ်းမှ အေးမှာပါကလား ဆိုတာ ယနေ့ဆုံးဖြတ် ချက်ချ (မှန်ပါ့)၊ သဘောပါကြပလား (ပါပါပြီ ဘုရား)။

ကိုင်း-ဒါဖြင့် ဒကာ ဒကာမတို့ ဒီထင်းဘယ်သူလုပ်ပါ လိမ့်၊ ဒီမီးဘယ်သူလုပ်ပါလိမ့် ဆိုတဲ့ ဥစ္စာသည်ကားလို့ဆိုရင်ဖြင့် လက်သည်ရှာကြစို့. . . (မှန်ပါ့)။

## ဒီထင်းနဲ့မီးဘယ်သူလုပ်ပါလိမ့်

ဒီမီးဘယ်သူလုပ်ပါလိမ့်၊ ထင်းဘယ်သူလုပ်ပါလိမ့်၊ ဒီထင်းဆိုတာ ခန္ဓာကငါးပါး၊ ဒီမီးဘယ်သူလုပ်ပါလိမ့်မတုံးဆိုတာ သမုဒယသစ္စာ. . . (မှန်ပါ့)။

အဲဒါ ထင်းနဲ့မီး ဘယ်သူလုပ်ပါလိမ့်မတုံးလို့မေးတဲ့အခါကျတော့ ထင်းနဲ့မီးလုပ်တာဟော့ မသိတဲ့လူကလုပ်တာ (မှန်ပါ့)၊ သိတဲ့လူကဖြင့် ထင်းသိမ်း မီးငြိမ်းတာလုပ်မှာပဲ (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီ)၊ မသိတဲ့ တရားက လုပ်တာ (မှန်ပါ့)။

## မသိတဲ့တရားကလုပ်တာ

ဒကာ-ဒကာမတို့ ထင်းနဲ့မီး ဘယ်သူလုပ်ပါလိမ့် (မသိတဲ့တရားက လုပ်တာပါဘုရား)၊ ဒါဖြင့် အဝိဇ္ဇာပဲ ဖမ်းမိတယ် (မှန်ပါ့)၊ ဦးဘကလေး-လက်သည်မိပြီ (မိပါပြီဘုရား)၊ မိပြီမိပြီ၊ ထင်းနဲ့မီး ဘယ်သူ လုပ်ပါလိမ့် (အဝိဇ္ဇာ လုပ်ပါတယ်ဘုရား)။

အဝိဇ္ဇာပဲဆိုတာဖြင့် ဒီနေ့ တရားမှာ လေးလေးစားစား မှတ်ပါ၊ သူပဲ သူပဲ-ဆိုတာကတော့ဖြင့် ခင်ဗျားတို့ ကောန်လက်ညှိုး ထိုးနိုင်ပါပြီ. . . (မှန်ပါ့)၊ ဒကာ-ဒကာမတို့ ထင်းနဲ့မီး ဘယ်သူ လုပ်လိုက်ပါလိမ့် (အဝိဇ္ဇာ လုပ်ပါတယ်,ဘုရား)၊ အဝိဇ္ဇာပဲဆိုတာ ပေါ်ကြပလား. . . (ပေါ်ပါပြီ)။

## အဝိဇ္ဇာ၊ ဘယ်လက္ခဏာရှိသတုံး

လုပ်မှာပဲတဲ့ အဝိဇ္ဇာဆိုတာ အဝိဇ္ဇာဘယ်လက္ခဏာ ရှိသတုံးမေးတော့မှ အညာဏ လက္ခဏာ၊ မသိခြင်း လက္ခဏာ ရှိတယ် (မှန်ပါ့)။

ဒုက္ခသစ္စာလည်း သူမသိဘူး၊ သမုဒယသစ္စာကော (မသိပါဘုရား)၊ နိရောဓသစ္စာ (မသိပါဘုရား)၊ မဂ္ဂသစ္စာ (မသိပါဘုရား)။

မသိတော့ ဒကာ-ဒကာမတို့ မသိတဲ့ ပုဂ္ဂိုလ်သည်ကားလို့ ဆိုရင်ဖြင့် မဟုတ်တာလုပ်မှာပဲ (မှန်ပါ့)၊ မသိတဲ့ တရားသည် (မဟုတ်တာလုပ်မှာပါဘုရား)၊ မဟုတ်တာ လုပ်မှာပဲဆိုတော့ လောင်စာနဲ့ထင်းပဲ သူလုပ်မယ်ဆိုတာ ရိပ်မိကြပလား (ရိပ်မိပါပြီဘုရား)။

လောင်စာနဲ့ ထင်းပဲ၊ သူလုပ်တယ်ဆိုတာ ဘယ်သူပါလိမ့် (အဝိဇ္ဇာပါဘုရား)။

## မသိခြင်းလက္ခဏာရှိတယ်

ဒါကြောင့်အဝိဇ္ဇာ ဘယ်လက္ခဏာရှိသတုံးလို့မေးလို့ရှိရင် မောင်နိုင်ရေ မသိခြင်းလက္ခဏာ. . . (မှန်ပါ့)။

ဒါကြောင့်ဘုရားက 'ဒုက္ခေအညာဏံ'လို့ မဟောဘူးလား၊ (ဟောပါတယ်ဘုရား)၊ ဒုက္ခသစ္စာသူမသိဘူးကွ 'ဒုက္ခ သမုဒယ အညာဏံ'တဲ့၊ မီးလည်း သူမသိဘူးကွ၊ ထင်းလည်း သူမသိ ဘူးကွ။

'ဒုက္ခနိရောဓအေညာဏ်' တဲ့၊ ဒုက္ခချုပ်တဲ့ နိဗ္ဗာန်ကော (မသိပါဘုရား)။

"ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ အညာဏ်" တဲ့ မဂ္ဂသစ္စာကော. . . (မသိပါဘုရား)။

ဩော်. . . မသိတဲ့အတွက် ဒါဖြင့်ဒကာ ဒကာမတို့ လက်သည်ဖမ်းလိုက်တဲ့ အခါကျတော့ အဝိဇ္ဇာမိတယ်. . (မှန်ပါ ဘုရား)။

ဒါဖြင့် ဘုန်းကြီးက ယနေ့ ဒကာ ဒကာမတွေကို ကျေးဇူး ဆပ်ရမှာက အဝိဇ္ဇာမသိလို့ လုပ်တာကို အဝိဇ္ဇကများ ဝိဇ္ဇာ ဖြစ်သွားမယ်၊ ဉာဏ်ထဲမှာ အခုသိသွားမယ် ဆိုလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ သူက ဒုက္ခသစ္စာလည်းမသိ၊ သမုဒယသစ္စာလည်း မသိ၊ မသိတာ သိအောင် လုပ်လိုက်လို့ရှိရင်ဖြင့် အရင်တုန်းက မသိလို့ ထင်းနဲ့မီး ဖြစ်နေတယ် (မှန်ပါ့)၊ သိတဲ့ပုဂ္ဂိုလ်ကျတော့ ထင်းနဲ့မီးလုပ်ဦးမလား (မလုပ်ပါဘုရား)။

ဒါဖြင့် အဝိဇ္ဇာက ထင်းနဲ့မီး လုပ်သမားဖြစ်နေတော့ မသိတဲ့အဝိဇ္ဇာက လုပ်တာဖြစ်နေသောကြောင့် ဘုန်းကြီးက ဟာ . . . ဒီဥစ္စာဖြင့် အဲဒီ အဝိဇ္ဇာကို ငါ-ပြောင်းပြန်၊ ပြန်ပြီးသကာလ ခင်းတို့ သိတဲ့ဝိဇ္ဇာလုပ်ပေးမယ်ဆိုလို့ရှိရင် ဒါ မင်းတို့အရင်း ဖြုတ်ပစ်လိုက်တာ (မှန်ပါ့)၊ ရိပ်မပလား. . . (ရိပ်မိပါပြီဘုရား)။

အရင်းဖြုတ်ပစ်လိုက်တဲ့ အတွက် ဒကာဒကာမတို့ ဘာပူစရာရှိသေးသတုံး. . . (မရှိပါဘုရား)၊ ရှင်းကြပလား (ရှင်းပါပြီဘုရား)။

## အဝိဇ္ဇာကိုဝိဇ္ဇာဖြစ်အောင်လုပ်ကြစို့

ကိုင်း. . ဒါဖြင့် ဒကာ ဒကာမတို့ အဝိဇ္ဇာကို ဝိဇ္ဇာဖြစ်အောင် လုပ်ကြပါစို့ မောင်နိုင် ပေါ်ပြီကွာ (ပေါ်ပါပြီဘုရား)။

တရားပေါ်လာပြီ ဒကာ ဒကာမတို့ အဝိဇ္ဇာသည်ကားလို့ဆိုရင် မသိခြင်းလက္ခဏာရှိတယ်နော် (မှန်ပါ)။

သမ္မောဟနရသာ = တွေဝေခြင်း ကိစ္စရှိတယ်၊ သူဝင်လာလို့ရှိရင် ခန္ဓာကိုယ်ထဲမှာ ဘာမှ ဖြစ်ပျက်တွေ မမြင်နေတော့ဘူး တွေဝေခြင်းကိစ္စရှိတယ်။

မသိခြင်းလက္ခဏာ၊ တွေဝေခြင်းကိစ္စ ရှိတယ်တဲ့ မောင်နိုင် အဝိဇ္ဇာ စွမ်းရည်သတ္တိ (မှန်ပါ)။

ကိုစောမောင် မသိခြင်း (လက္ခဏာရှိပါတယ်)၊ တွေဝေခြင်း (ကိစ္စရှိပါတယ်ဘုရား)။

## အဝိဇ္ဇာမှာတွေဝေခြင်းကိစ္စရှိတယ်

ကြည့်စမ်း၊ မသိတဲ့ လက္ခဏာလည်း သူပဲတဲ့ (မှန်ပါ)၊ တွေဝေခြင်းကိစ္စရှိတာလည်း (သူပါပဲဘုရား)။

သူပဲ . . . တဲ့ ဒကာ ဒကာမတို့နော် (မှန်ပါ)။

ဆာဒနပစ္စုပဋ္ဌာနာ. . . တဲ့၊ သတ္တဝါတွေ ခုနင်က ဒုက္ခ ရော သမုဒယရော, နိရောဓရော၊ မဂ္ဂရော မသိအောင် အကုန် ဖုံးခြင်းကိစ္စရှိတယ် (မှန်ပါ)။

ယောဂီပုဂ္ဂိုလ်အားထုတ်ကြည့်လိုက်တဲ့အခါကျတော့ ခန္ဓာကိုယ်ထဲ ဖြစ်ပျက်ချည်းမမြင်လို့ရှိရင် ဩော်. . . သူဖုံးနေတာ ကိုးလို့သာမှတ်လိုက် (မှန်ပါ)၊ သဘောကျပလား (ကျပါပြီ ဘုရား)။

သူ-ဘယ်ကလာသတုံး၊ အဝိဇ္ဇာ ဘယ်ကလာသတုံး မေးတော့"အာသဝသမုဒယာ အဝိဇ္ဇာသမုဒယော"အာသဝက လာပြန်တာကွ (မှန်ပါ)။

အဝိဇ္ဇာ ဘယ်ကလာသတုံး . . . (အာသဝကလာ ပါတယ်ဘုရား)၊ ရှင်းကြပလား (ရှင်းပါပြီဘုရား)။

ဩော်. . . ဒီလိုအဝိဇ္ဇာမှာ သူ့လက္ခဏာက မသိခြင်း၊ သစ္စာလေးပါးမသိခြင်း လက္ခဏာဟာ အဝိဇ္ဇာ၏ လက္ခဏာပဲ၊ သဘောကျပလား (ကျပါပြီ)၊ တွေဝေခြင်းကိစ္စဟာကော သူ့ကိစ္စပဲ၊ သဘောကျပလား (ကျပါပြီ)။

ဖုံးလွှမ်းပြီးသကာလနေတယ်လို့ ကျုပ်တို့ဉာဏ်ထဲမှာ ထင်လာတယ် (မှန်ပါ)၊ မထင်ပေဘူးလား (ထင်လာပါတယ် ဘုရား)။

သူဘယ်သူကြောင့် ဖြစ်သတုံးလို့ မေးတော့မှ အာသဝ ကြောင့် အဝိဇ္ဇာဖြစ်တယ် (မှန်ပါ့)၊ ရှင်းပလား (ရှင်းပါပြီ)။

ဩော် . . . ဒါဖြင့် ဒကာ ဒကာမတို့ အဝိဇ္ဇာ - ဝိဇ္ဇာဖြစ်အောင် ဆရာဘုန်းကြီး လုပ်ပေးလို့ရှိရင်ဖြင့်တဲ့ ခင်ဗျားတို့မှာဖြင့် သစ္စာလေးပါးသိတော့မယ် (မှန်ပါ့)။ မသိပေဘူးလား (သိမှာပါဘုရား)။

## သစ္စာသိမှပယ်သင့်တာပယ်နိုင်မယ်

သိသည်နှင့်တစ်ပြိုင်နက်တည်း သိတဲ့ပုဂ္ဂိုလ်ကျတော့ ပယ်သင့်တာ သူပယ်သွားနိုင်မယ် (မှန်ပါ့) သိမ်းပိုက်သင့်တာ (သိမ်းပိုက်ပါမယ်ဘုရား)။

ဩော်. . . ဒါဖြင့် မသိသေးတော့ ပယ်သင့်တာတွေ မပယ်ဘဲနဲ့. . . နော်၊ သိမ်းပိုက်သင့်တာကို မသိမ်းပိုက်တဲ့ဖြစ်နေတာ မသိတဲ့ပုဂ္ဂိုလ် (မှန်ပါ့)။ သဘောကျပလား (ကျပါပြီ)။

သိတဲ့ပုဂ္ဂိုလ်ကတော့ ပယ်သင့်တာကို (ပယ်ပါတယ်ဘုရား) သိမ်းပိုက်သင့်တာကို (သိမ်းပိုက်ပါတယ်ဘုရား)။

ဒါဖြင့် အဝိဇ္ဇာက ဝိဇ္ဇာဖြစ်မှ တော်တော့တယ်ဆိုတာ ယနေ့တရားမှာ ရှင်းရှင်းမှတ်ပါ (မှန်ပါ့)။

အဝိဇ္ဇာက (ဝိဇ္ဇာဖြစ်မှ တော်ပါမယ်ဘုရား)။

ဒကာ ဒကာမတို့ ရိုးရိုးမနာနဲ့ တစ်ခါတည်း စဉ်းစဉ်းစားစားနာ၊ ဩော်. . . ဘုန်းကြီး အစကတည်းက ပြောလာတဲ့ဥစ္စာတော်တော်အရေးကြီးလို့ ပြောနေတာပါကလားဆိုတဲ့ဥစ္စာ ပေါ်လောက်ပါတယ် (မှန်ပ့ါ)၊ မပေါ်ပေဘူးလား (ပေါ်ပါတယ်ဘုရား)။

အင်မတန်အရေးကြီးပါတယ် ဒကာ ဒကာမတို့၊ တစ်သံသရာလုံးမှာက မသိမ်းပိုက်ရမယ့် သစ္စာကြီး သိမ်းပိုက်လာခဲ့တယ် (မှန်ပ့ါ)၊ မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား)။

## လောင်စာသိမ်း၍မီးငြိမ်းတာမသိခဲ့ဘူး

လောင်စာနဲ့ မီးချည်း သိမ်းပိုက်လာခဲ့တယ် (မှန်ပ့ါ)၊ လောင်စာသိမ်း၍ မီးငြိမ်းတာ သိကို မသိခဲ့ဘူး၊ အဝိဇ္ဇာသတ္တိလေ (မှန်ပ့ါ)၊ အညာဏလက္ခဏာကိုး၊ သိမှမသိဘဲကိုး (မှန်ပ့ါ)၊ ပေါ်ကြပလား (ပေါ်ပါပြီ)။

ကဲ. . . ဒါဖြင့် တရားရှည်နေမှာစိုးတယ် ဒကာ ဒကာမတို့၊ ခင်ဗျားတို့ အဝိဇ္ဇာကို ဝိဇ္ဇာဖြစ်အောင် လုပ်ဖို့ဟာ ဘုန်းကြီးတာဝန်ဝတ္တရားရှိတယ် (မှန်ပ့ါ)၊ ဘုရားလည်း ဒါပဲ ဒီဝတ္တရားပဲသူရှိတယ် (မှန်ပ့ါ)။

ဘုရားမရှိသည့်နောက် ဓမ္မက္ခန္ဓာရှစ်သောင်းလေးထောင်ကလည်း ဒကာ ဒကာမတွေ ဒါလုပ်ဖို့ထားခဲ့တာ (မှန်ပ့ါ)။

အဲဒီ ဓမ္မက္ခန္ဓာတွေက သူ့ဟာသူ စာအုပ်, ပုရပိုက်, ကျောက်စာတွေပေါ်မှာနေတဲ့အတွက် လာပြောဖော် ဆိုဖော် မရဘူး (မရပါဘုရား)။

## တို့အတွက်သာသနာမကွယ်သေးဘူး

မရနိုင်ဘူး - တဲ့၊ အဲဒီကနေပြီးသကာလ ဘုန်းကြီးတို့က အသံထွက်ပြီးသကာလာ အဲဒီဟာတွေ ကြည့်ရှုပြီးသကာလ အသံထွက်သဘောနဲ့ ပြောရပြန်တယ်လို့ဆိုတော့ ဩော်. . . တို့အတွက်သာသနာမကွယ်သေးဘူးဟေ့ (မှန်ပါ့)၊ သဘောကျပလား (ကျပါပြီ)၊ တို့အတွက် (သာသနာမကွယ်သေးပါဘုရား)။

သာသနာမကွယ်သေးဘူးဆိုတော့ ဩော်. . . သစ္စာသိထိုက်တဲ့ အဆုံးအမ တို့ရသေးတယ် (မှန်ပါ့)။

## သစ္စာအဆုံးအမ တို့ရသေးတယ်

သာသနာမကွယ်သေးဘူးဆိုတာ သစ္စာသိထိုက်တဲ့ အဆုံး အမ မရလို့ရှိရင် သာသနာမကွယ်ဘူး (မှန်ပါ့)၊ ရိပ်မိကြပလား (ရိပ်မိပါပြီဘုရား)။

သစ္စာသိထိုက်တဲ့ အဆုံးအမရရင် (သာသနာမကွယ်သေးပါဘုရား)၊ ဒီအဆုံးအမအတိုင်း ခင်ဗျားတို့က လိုက်လို့ရှိရင် သာသနာမကွယ်သေးဘူး (မှန်ပါ့)၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

## ဘုန်းကြီးတို့လို ပုဂ္ဂိုလ်တွေရှိသေးရင်

အဲဒါ ဘုန်းကြီးရှင်းရှင်းပဲပြောတာ၊ ကိုစောမောင်,, ဦးဘအုန်းကြီးတို့ လူကြီးတွေ မှတ်ကြတာပေါ့နော် (မှန်ပါ့)။

ဒီ - ဘုန်းကြီးတို့လို ပုဂ္ဂိုလ်တွေ အားလုံးပေါ့လေ၊ သစ္စာဟောတတ်တဲ့ ပုဂ္ဂိုလ်တွေဟာ သာသနာ ၅၀၀၀ ဟိုဘက်မှာ ရှိသေးလည်း မကွယ်သေးဘူး (မှန်ပါ့)၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

နို့မို့ သာသနာ ၅၀၀၀-ကျော်ရင် ကွယ်တော့မယ်ဆိုတာ မဟုတ်ဘူးတဲ့ (မှန်ပါ့)၊ မောင်နိုင် မဟုတ်သေးဘူး (မှန်ပါ့ဘုရား)။

## ရဟန္တာမဆိတ်ဘူး

ဒီလိုဟောတတ်တဲ့ ပုဂ္ဂိုလ်တွေ ဒီလိုဆက်ဆက်သွားမယ်ဆိုလို့ရှိရင်ဖြင့် ရဟန္တာဆိတ်ကို မဆိတ်ဘူး (မှန်ပါ့)။

ရဟန္တာမဆိတ်ဘူးဆိုကတည်းက မောင်နိုင်က ရိပ်မိမှာပေါ့၊ သစ္စာသိမှုဖြစ်တာကိုး (မှန်ပါ့)၊ သစ္စာမသိဘဲနဲ့ သောတာပန်လည်းမဖြစ်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာကော. . . (မဖြစ်ပါဘုရား)။

အဲဒီတော့ ခဏ ခဏ ဒကာ ဒကာမတွေကို သတိပေးပါတယ်၊ အဝိဇ္ဇာက ဝိဇ္ဇာဖြစ်အောင်လို့ ဘုန်းကြီးရှင်းရှင်းပဲ ဒီနေ့ပြောပါတယ်၊ သို့သော်လည်း ခင်ဗျားတို့မှာ ဝမ်းသာစရာ အချက်ကလေးရှိတာ ပြောပါတယ် (မှန်ပါ့)။

## ဝမ်းသာစရာအချက်

ဝမ်းသာစရာအချက်ကလေးက တို့မှာဒီလိုဆုံးမတဲ့ ပုဂ္ဂိုလ်၊ ပယ်တဲ့သစ္စာနှစ်ပါး ပယ်ရမယ်၊ သိမ်းပိုက်သင့်တဲ့ သစ္စာနှစ်ပါး တို့သိမ်းပိုက်ရမယ်ဆိုတဲ့ဥစ္စာ သေသေချာချာ နည်းနာနိဿယနဲ့တကွ လုပ်နည်း ကိုင်နည်းနဲ့တကွ ပေးမည့်ပုဂ္ဂိုလ်တွေ့နေတော့ တွေ့တဲ့ အတိုင်းလည်း ခင်ဗျားတို့က နားထောင်တော့ သာသနာ ရှိသေးတယ် (မှန်ပါ့)၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် အခုသာသနာငါးထောင် နှစ်ထောင့်ငါးရာ ကျော်လာတော့ တစ်ပါးသော ပုဂ္ဂိုလ်တွေကျတော့ သာသနာ ရှိသေးရဲ့လား (မရှိပါဘုရား)။

မရှိတော့ဘူး၊ သစ္စာနဲ့ပတ်သက်လို့ ဗုဒ္ဓဘာသာထဲမှာလည်း မရှိတာကများတယ် (များပါတယ်ဘုရား)၊ တစ်ခါ ဒီပြင်ဘာသာဆိုတော့ ကွယ်ပြီ (ကွယ်ပါပြီဘုရား)၊ မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား)။

## ကွက်ကွက်ကလေးထဲမှာ လသာနေတာ

အဲဒီတော့ကိုတဲ့ ခင်ဗျားတို့ ကွက်ကွက်ကလေးထဲမှာ လသာနေတာဖြစ်တော့ ဒီအရိပ်ကလေး ခိုရတာဟာ တော်တော်ထူးလို့ (မှန်ပါ့)၊ ကွက်ကွက်ကလေးထဲမှာ လ,သာနေတာ (မှန်ပါ့)။

မောင်နိုင်. . . လူဦးရေနဲ့တွက်လည်း သန်းပေါင်းငါးရာတွေနဲ့ သန်းပေါင်းငါးထောင်တွေနဲ့ တွက်ကြည့်လိုက်တော့ ဘယ့်နှယ်နေသလဲ (နည်းနည်းကလေးပါဘုရား)၊ ကွက်ကွက်ထဲလ,သာနေတယ် (မှန်ပ့ါ)၊ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

## ဘုန်းကြီးပြောတဲ့အတိုင်းလိုက်နာကြ

ဒီပြင်ဟာဖြင့် မှောင်အတိကျနေတယ်ဆိုရင် လွဲပ့ါမလား (မလွဲပ့ါဘုရား)၊ အဲဒါကြောင့် ဒီကွက်ကွက်လ,သာထဲက မထွက်နဲ့ ဒါကလေးကို ဆရာဘုန်းကြီးပြောတဲ့အတိုင်း လိုက်နာကြ၊ ကျင့်ကြံကြ၊ အလုပ်ကိုလုပ်ကြဆိုတဲ့ဥစ္စာ မောင်နိုင် - မတိုက်တွန်းထိုက်ဘူးလား (တိုက်တွန်းထိုက်ပါတယ်ဘုရား)။

နို့မဟုတ်လို့ရှိရင် ဟိုသစ္စာနှစ်ပါးနဲ့ချည်း အဖော်လုပ်တော့မယ် (မှန်ပ့ါ)၊ တစ်ဘဝမှာလည်း လောင်စာနဲ့ မီးနဲ့ လောင်သေလိုက် (မှန်ပ့ါ)၊ ဟိုဘက်ဘဝကျပြန်တော့ (လောင်စာနဲ့ မီးနဲ့ပဲ လောင်သေပါတယ်ဘုရား)၊ ဟိုဘက်ဘဝကျပြန်တော့ကော (လောင်စာနဲ့မီးနဲ့ပဲ လောင်သေရပါတယ်ဘုရား)။

## ဝိဇ္ဇာဖြစ်အောင်ပြောတော့မယ်

လောင်သေလိုက်ချည်း သွားနေရတဲ့ ဇာတ်ထုပ်ချည်းခင်းနေရတော့ ဒကာ ဒကာမတို့ မသေမည့်ဘဝကို ပါကို-မပါဘူး (မှန်ပ့ါ)၊ ပါသေးရဲ့လား (မပါ-ပါဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ လေးလေးစားစားမှတ်ပါတဲ့၊ ကဲ-ဝိဇ္ဇာဖြစ်အောင် ပြောတော့မယ်နော်။

ဒါနဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဝိဇ္ဇာဖြစ်အောင် ဘယ်မှာဟောခဲ့သတုံးလို့ မေးတဲ့အခါကျတော့ သံယုတ်ပါဠိတော်မှာလည်း အမျိုးမျိုးဟောထားတယ်၊ ဝိဇ္ဇာဖြစ်ဖို့ (မှန်ပါ့)။

## ဝိဇ္ဇာဆိုတာသစ္စာသိတာ

ဝိဇ္ဇာဆိုတာ ဘာတုံးလို့မေးတဲ့အခါကျတော့ သစ္စာသိတာ ဝိဇ္ဇာ၊ သဘောကျပလား (ကျပါပြီ)၊ အဲဒီတော့ သစ္စာသိတာ ဝိဇ္ဇာဆိုတော့ ဒကာ ဒကာမတို့ ဝိဇ္ဇာဖြစ်အောင် သစ္စာသိနည်းကို ပြောရတော့မယ်ဆိုတော့ "စက္ခုဝိညာဏံ အနိစ္စတော၊ ဇာနတော၊ ပဿတော သက္ကာယဒိဋ္ဌိ ပဟီယတိ အဝိဇ္ဇာပဟီယတိ ဝိဇ္ဇာဥပ္ပဇ္ဇတိ" ဒိဋ္ဌိရော၊ အဝိဇ္ဇာရော ပယ်တယ် (မှန်ပါ့)။

မင်းတို့ အခု ဒကာ ဒကာမတွေ မျက်လုံးကလေး ဖွင့်လိုက်တော့ မြင်တဲ့စိတ်ကလေး မပေါ်ဘူးလား (ပေါ်ပါတယ် ဘုရား)။

## မြင်စိတ်ကလေးဖြစ်ပြီးပျက်တယ်

အဲဒီမြင်တဲ့စိတ်ကလေးကို ဒကာ ဒကာမတွေက "အနိစ္စတော ဇာနတော ပဿတော" လို့ သိရမယ်၊ အနိစ္စတော = ဖြစ်ပြီးပျက်တယ်၊ ဇာနတော = သိသိပေးရမယ်နော် (မှန်ပါ့)။

မောင်နိုင် - ဒါကလေးဟာ ဖြစ်ပြီးပျက်တယ်လို့ မြင်စိတ်ကလေးဟာ မျက်လုံးဖွင့်လိုက်သည်နှင့် တစ်ပြိုင်နက်တည်း မီးကလေးဖြစ်ဖြစ် တစ်ခုခုကို မမြင်ဘူးလား (မြင်ပါတယ်ဘုရား)၊ မြင်ပြီးဘာဖြစ်သွားသတုံး . . . (ပျက်သွားပါတယ်ဘုရား)။

အဲဒီကဲ့သို့ စက္ခုဝိညာဏ်အနိစ္စတော = ဖြစ်ပြီးပျက်တယ်လို့၊ ဇာနတော = သိသော၊ ပဿတော = ရှုနိုင်တဲ့ပုဂ္ဂိုလ်အား (ဝါ) မြင်သောပုဂ္ဂိုလ်အား၊ သက္ကာယဒိဋ္ဌိ = သကာယဒိဋ္ဌိကို၊ ပဟီယတိ = ပယ်၏၊ သက္ကာယဒိဋ္ဌိလည်း ပယ်လိုက်တယ်တဲ့ . . . (မှန်ပါ့ဘုရား)။

## အဝိဇ္ဇာပယ်တော့ ဝိဇ္ဇာဖြစ်တယ်

ဒါတွင်ပဲလားလို့ မေးတော့ ဘုရားက မဟုတ်ပါဘူးကွာတဲ့၊ အဝိဇ္ဇာ ပဟီယတိ အဝိဇ္ဇာလည်းပယ်တယ် (မှန်ပါ့)၊ အဝိဇ္ဇာပယ်တော့ ဘာဖြစ်သွားသတုံးဆိုတော့ ဝိဇ္ဇာဥပ္ပဇ္ဇတိ၊ ဝိဇ္ဇာဖြစ်ပြီကွတဲ့. . . (မှန်ပါ့)။

မောင်နိုင်၊ ကဲ . . . အဝိဇ္ဇာပယ်ဖို့ အလွယ်ကလေးပါကလား (မှန်ပါ့)၊ မိမိမြင်တဲ့ မျက်လုံး စိတ်ကလေးကို ဟိုကြည့်လိုက်၊ ကြည့်လိုက်တဲ့အခါ မြင်တဲ့စိတ်ကလေး မပေါ်ဘူးလား . . . (ပေါ်ပါတယ်ဘုရား)။

လူသေတော့ သူများက ဘယ်လိုမျက်လုံးဖွဲပေးပေး၊ မြင်ကိုမမြင်ဘူး၊ နာမ်တွေချုပ်သွားလို့ (မှန်ပါ့)၊ မြင်တတ်တဲ့ တရားကလေးချုပ်သွားလို့ ရှိသေးရဲ့လား. . . (မရှိပါဘုရား)။

ကဲ. . . အခု ဒကာ ဒကာမတွေလည်း မျက်လုံးသာဖွင့်ပါ ဒကာ ဒကာမတို့ မမြင်ဘူးလား (မြင်ပါတယ်ဘုရား)၊ အဲဒါ ရုပ်ကမြင်တာလား နာမ်ကမြင်တာလား အကဲခတ်ကြည့် (နာမ်ကမြင်တာပါဘုရား)၊ မြင်စိတ်ကလေးဆိုတဲ့ နာမ်ကမြင်တာ၊ ရိပ်မိကြပလား . . . (ရိပ်မိပါပြီဘုရား)။

အဲဒါကလေးသည်ကားလို့ဆိုရင်ဖြင့် ဒကာ ဒကာမတို့ ခုမှပေါ်ပြီး ခုမှမြင်တာ . . . (မှန်ပါ့)။

"စက္ခုဝိညာဏံ အနိစ္စတော ဇာနတော" သူသည်ကားလို့ဆိုရင် မောင်နိုင် မြင်ပြီးလည်း ဖြစ်ပြီးပျက်သွားတာပဲ (မှန်ပါ့)။

အဲဒီလို ပျက်သွားမှန်းသိလိုက်တော့ "သက္ကာယဒိဋ္ဌိ ပဟီယတိ" ဩော်. . . ဒီဟာကလေးဟာ ဖြစ်ပြီးပျက်သွားတယ်ဆိုရင် ငါမဟုတ်လို့ဘဲဆိုပြီး သက္ကာယဒိဋ္ဌိ အရင်ပယ်လိုက်တယ်ကွ. . . (မှန်ပါ့)၊ မပယ်ဘူးလား. . . (ပယ်ပါတယ်ဘုရား)။

ငါမဟုတ်လို့ ပျက်သွားတာပဲဆိုတော့ သက္ကာယဒိဋ္ဌိ မကုန်သေးဘူးလား. . (ကုန်ပါပြီဘုရား)။

## အရင်တုန်းကဖြစ်မှန်းပျက်မှန်းမသိခဲ့ဘူး

ကောင်းပြီတဲ့၊ အရင်တုန်းက ဒီဟာဖြစ်မှန်းလည်းမသိဘူး၊ ပျက်မှန်းလည်းမသိဘူး၊ သဘောကျပလား. . (ကျပါပြီဘုရား)။

တောက်လျှောက် ကျုပ်တော့ မျက်လုံးမြင်တာ ကြာပါပြီဗျာ၊ ပြောချင်ပြောမယ်. . . (မှန်ပါ့)။

ဒီလို ခဏခဏ အကြောင်းတိုက်ဆိုင်မှ ပေါ်ပြီမြင်တယ်၊ ခဏကလေးဆို ပျက်သွားတယ်လို့ ဒီလို ဘယ်တော့မှ မသုံးဘူး (မှန်ပါ့)။

ကျုပ်ဖြင့် တစ်နေ့လုံးဟာဖြင့် အကုန်လျှောက်ကြည့်တာပဲ၊ မြင်နေတာချည်းပဲဆိုတော့ ဒီမျက်လုံး တစ်လုံးတည်း ဖြစ်နေတယ်. . . (မှန်ပါ့)၊ မြင်စိတ်တစ်ခုဖြစ်နေတယ် (မှန်ပါ့)။

ခဏခဏပျက်နေတာ (မသိပါဘုရား)၊ မသိတော့ကိုတဲ့၊ သက္ကာယဒိဋ္ဌိကို မပယ်နိုင်ဘူး၊ ခိုင်မြဲနေတယ် (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

အဲဒါကြောင့် "အနိစ္စတော ဇာနတော ပဿတော သက္ကာယဒိဋ္ဌိ ပဟီယတိ၊ အဝိဇ္ဇာ နိရုဇ္ဈတိ ဝိဇ္ဇာဥပ္ပဇ္ဇတိ" အဝိဇ္ဇာလည်း ချုပ်သကွ၊ ဝိဇ္ဇာဆိုတဲ့ဉာဏ်လည်း ဝမ်းထဲမှာပေါ်လာတယ်၊ သဘောကျပလား. . (ကျပါပြီဘုရား)။

ဝိဇ္ဇာဆိုတဲ့ဉာဏ်လည်း (ဝမ်းထဲမှာပေါ်လာပါတယ်ဘုရား)၊ ဝမ်းထဲပေါ်လာတယ်ဆိုတော့ ဒကာ ဒကာမတွေ အဲဒီမြင်စိတ်ကလေးကို ဉာဏ်ကလေးတည့်ပြီးသကာလ မျက်လုံးဖွင့်လိုက်၊ ဖွင့်လိုက်တဲ့အခါ မီးမြင်လို့ရှိရင် ဪ. . . မြင်ပြီးပျက်တာပဲ၊ ဟုတ်လား (မှန်ပါ့)၊ အင်း. . . ဝင်းထရံကလေးတွေ မြင်ပြန်ကော. . . (မြင်ပြီပျက်တာပဲဘုရား)။

## မြင်စိတ်အမျိုးမျိုးပြောင်းနေတယ်

ဝင်းထရံကလေးတွေ မြင်တာမှသာပြီး ပျက်မှန်းသိသာသေးတယ်၊ ဒီရှေ့က စ,ကြည့်တယ်ဆိုရင် ရှေ့ကအကြောင်းအရင်မြင်လို့ရှိရင်ဖြင့် ဒါ. . . မြင်စိတ်တစ်မျိုး (မှန်ပါ့)၊ နောက် ၂-နံပါတ်မြင်လို့ရှိရင် (မြင်စိတ်တစ်မျိုးပါ)၊ ၃-နံပါတ်မြင်လို့ရှိရင် (မြင်စိတ်တစ်မျိုးပါဘုရား)။

နို့မဟုတ်ရင် တစ်ခါတည်း ဒကာ ဒကာမတို့ မြင်စိတ်အမျိုးမျိုးပြောင်းနေရတယ်ဆိုတာ မသေချာလား. . . (သေချာပါတယ်ဘုရား)။

အဲဒီမှာ မြင်စိတ်အမျိုးမျိုးပြောင်းတာသည်ကားလို့ဆိုရင် ဒကာ ဒကာမတို့ ပျက်ပြောင်းချည်းမှတ်. . . (မှန်ပါ့)။

ဘယ်လိုမှတ်ကြမယ် (ပျက်ပြောင်းချည်းပါဘုရား)၊ ပျက်ပြီးမှ အသစ်ပေါ်တယ် (မှန်ပါ့)၊ ရှင်းကြပလား (ရှင်းပါပြီ)။

## ဝမ်းထဲမှာဉာဏ်နဲ့ရှုပေးပါ

အဲဒါကြောင့် မြင်တိုင်း, မြင်တိုင်း ဒကာ ဒကာမတွေက မြင်စိတ်ကလေးဟာ ဖြစ်ပြီး ပျက်တာပဲလို့ ဝမ်းထဲမှာ ဉာဏ်နဲ့ ရှုပေးပါ. . . (မှန်ပါ့)။

အဲဒီဉာဏ်သည် သက္ကာဒိဋ္ဌိလည်း ပယ်ပါတယ်. . . (မှန်ပါ့)၊ ဘာကြောင့် ပယ်သတုံးမေးတော့မှ ဦးဘအုန်းတို့ ဖြစ်ပျက်မြင်လို့. . . (မှန်ပါ့)။

ဖြစ်ပျက်မြင်တော့ ခိုင်တယ်၊ မြဲတယ်ဆိုတဲ့ဒိဋ္ဌိရှိသေးရဲ့လား (မရှိပါဘုရား)၊ ငါ သူလို့ကော . . (မရှိပါဘုရား)။

အနိစ္စဖြစ်ပြီး ပျက်တာပဲ သူသိနေတဲ့အတွက် ပုဂ္ဂိုလ်ရယ်လို့လည်း မယူဘူး၊ သတ္တဝါလည်း မယူဘူး၊ ငါလည်း မယူဘူး၊ သူလည်း မဟုတ်ဘူး. . . (မှန်ပါ့)၊ အနိစ္စသာ တွေ့တော့တယ် . . . (မှန်ပါ့)၊ ဒီကတည်းက သက္ကာယဒိဋ္ဌိ ဘယ့်နှယ်နေသလဲ (ပြုတ်ပါတယ်ဘုရား)။

မရှိဘူး၊ သက္ကာယဒိဋ္ဌိပယ်ပြီ ဒကာ ဒကာမတို့. . . (မှန်ပါ့ဘုရား)။

## ဖြစ်ပျက်မြင်ရင်ဒိဋ္ဌိပယ်တယ်သစ္စာမြင်တယ်

ဖြစ်ပျက်မြင်ရင် (သက္ကာယဒိဋ္ဌိပယ်ပါတယ်ဘုရား)။

ရှေးက မမြင်ဘူးဆိုတာကို ဖြစ်ပျက်ဟာ ဒကာ ဒကာမတို့

ဒုက္ခသစ္စာလို့လည်း မှတ်ထားတော့ ဖြစ်ပျက် မြင်ပါတယ်လို့ဆို ကတည်းက ဒိဋ္ဌိလည်းပယ်တယ်၊ သစ္စာလည်း မြင်တယ် (မှန်ပါ့)။

ဒိဋ္ဌိလည်း (ပယ်ပါတယ်ဘုရား)၊ သစ္စာလည်း. . . (မြင်ပါတယ်ဘုရား)။

ဒါဖြင့် ဒိဋ္ဌိပယ်တာက ဒကာ ဒကာမတို့ သက္ကာယဒိဋ္ဌိ မရှိလို့ သမ္မာဒိဋ္ဌိဖြစ်သွားတယ် (မှန်ပါ့)၊ သမ္မာဒိဋ္ဌိက ဘာတုံးမေး တော့မှ ဝိဇ္ဇာရှင်းပလား (ရှင်းပါပြီ)။

သမ္မာဒိဋ္ဌိက ဘာတုံး (ဝိဇ္ဇာပါဘုရား)။

ဒါဖြင့် ဒီဝိဇ္ဇာတစ်လုံးတည်းကနေပြီး သကာလ ဝိဇ္ဇာလာ ကတည်းက အရင်တုန်းက မမြင်တာတွေဖြစ်ပြီး ပျက်တာလို့ ဘယ်အခါကာလမှ မသိမှုတွေကို သိသွားတော့ အဝိဇ္ဇာချုပ်လို့ သိတာ (မှန်ပါ့)၊ မချုပ်ရင်တော့ (မသိပါဘုရား)၊ မသိဘူးဆိုတာ သေချာပလား (သေချာပါပြီဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတွေ မြင်စိတ်ကလေးပေါ် လာတိုင်း ပေါ်လာတိုင်း အင်း . . . ဒါကလေးဟာ ဖြစ်ပြီး ပျက်တာပဲရှု (မှန်ပါ့)။

ကြားစိတ်ကလေးပေါ်လာရင်ကော (ဖြစ်ပြီးပျက်တာပါ ဘုရား)၊ နံစိတ်ကလေး ပေါ်လာရင်ကော (ဖြစ်ပြီးပျက်သွားတာ ပါဘုရား)။

## စိတ္တာနုပဿနာလို့ခေါ်တယ်

စိတ္တာနုပဿနာလို့လည်းခေါ်တယ် (မှန်ပါ့)၊ သတိပဋ္ဌာန် လေးပါးထဲသွင်းလိုက်တော့ စိတ္တာနုပဿနာ (မှန်ပါ့)။

အင်း. . . လျှာပေါ်မှာ စားစိတ်ကလေးပေါ်လာရင် (ဖြစ်ပြီးပျက်သွားတာပါဘုရား)။

ကိုယ်ပေါ်မှာ ယားတယ်, ယံတယ်, နာတဲ့ စိတ်ကလေး ပေါ်လာရင် (ဖြစ်ပြီးပျက်သွားတာပါဘုရား)။

ဒါကို ဖြစ်ပျက်ရှုပေး (မှန်ပါ့)၊ ရှုလိုက်သည်နဲ့တစ်ပြိုင်နက် တည်း အနိစ္စတွေ့တာ (မှန်ပါ့)။

မမြဲတာ သွားတွေ့တယ်၊ တွေ့တဲ့အခါကျလို့ရှိရင်ဖြင့် သက္ကာယဒိဋ္ဌိရှိသေးရဲ့လား (မရှိပါဘုရား)၊ ငါယားတာကော ဟုတ်သေးရဲ့လား (မဟုတ်ပါဘုရား)။

## ခမ္ဘကလေးဖြစ်၍ ခမ္ဘကလေးပျက်

အင်း. . . ခမ္ဘကလေးဖြစ်၍ ခမ္ဘကလေးပျက်သွားတာ သေချာတယ်. . (မှန်ပါ့)၊ ကိုယ်စိတ်ကလေးဖြစ်ပြီးတော့ ကိုယ် စိတ်ကလေးပျက်တာပေါ့ဗျာ (မှန်ပါ့)၊ ရိပ်မိကြပလား (ရိပ်မိပါပြီ ဘုရား)။

ကိုယ်စိတ်ကလေးဖြစ်ပြီးတော့ (ကိုယ်စိတ်ကလေး ပျက်ပါတယ်ဘုရား)၊ ကိုယ်စိတ်ကလေးပျက်တယ်ဆိုတာ မသေ ချာဘူးလား (သေချာပါတယ်ဘုရား)။

အဲဒီတော့ ဩော်. . ဒီခန္ဓာကြီးဟာ ခန္ဓာအားဖြင့်တော့ ဝိညာဏက္ခန္ဓာလို့ ခေါ်ပါတယ်၊ စိတ်ဟာ ဝိညာဏက္ခန္ဓာ (မှန်ပါ့)၊ ကိုယ့်ခန္ဓာလို့ ဆိုကြမလားတဲ့ ဒကာ ဒကာမတို့၊ မမြဲတဲ့သဘော လို့ဆိုကြလား (မမြဲတဲ့သဘောပါ)၊ ဟောဒီကိုယ်ပြုတ်သွားပြီပေါ့ ဗျာ (မှန်ပါ့)၊ မမြဲတဲ့သဘောသိသွားတော့ ကိုယ်မပြုတ်သေးဘူး လား (ပြုတ်ပါတယ်ဘုရား)။

အဲဒါ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက စဉ်းစားတော့မှ ကိုယ်ပြုတ်သွားတာက သက္ကာယဒိဋ္ဌိပြုတ်တာ (မှန်ပါ့)၊ မမြဲတာကို မြင်တာက ဝိဇ္ဇာမှမြင်တယ် (မှန်ပါ့)။

ဒါဖြင့် သက္ကာယဒိဋ္ဌိပြုတ်တာလည်း ဝိဇ္ဇာဉာဏ်ပဲ (မှန်ပါ့)၊ သဘောကျပလား (ကျပါပြီ)၊ အဝိဇ္ဇာကို ချုပ်စေတာလည်း ဝိဇ္ဇာ လာလို့ ချုပ်တာဆိုတော့ အဝိဇ္ဇာနဲ့ ဒိဋ္ဌိသွားချုပ်တယ် (မှန်ပါ့)၊ မချုပ်ဘူးလား (ချုပ်ပါတယ်ဘုရား)၊ ဦးဘကလေး ကျေနပ်ကဲ့ လား (ကျေနပ်ပါတယ်ဘုရား)၊ ဩော်. . . ဒါဖြင့် ဒကာ ဒကာမ တို့ အဝိဇ္ဇာနဲ့ သက္ကာယဒိဋ္ဌိချုပ်တယ် (မှန်ပါ့)၊ ရိပ်မိကြပလား (ရိပ်မိပါပြီဘုရား)။

## သာသနာတွင်းမို့၊ ဆရာကောင်းကြုံလို့

ကိုယ်ပေါ်မှာ ယားစိတ်, ယံစိတ်, နာစိတ်ကလေး ပေါ်လည်း ဖြစ်ပျက်ရှုပေး (မှန်ပါ့)၊ ရှုလိုက်လို့ဖြစ်ပြီး ပျက်တာပဲ

လို့ အနိစ္စကို ကျကျနန ဩော်. . . အဟုတ်ကို မရှိတာကိုးလို့ သိသွားလို့ရှိရင်ဖြင့် သက္ကာယဒိဋ္ဌိကော (ပြုတ်ပါတယ်ဘုရား)၊ ဝိစိကိစ္ဆာကော (ဖြစ်ပါတယ်ဘုရား)၊ ဝိစိကိစ္ဆာလည်း ဖြစ်တယ် ကိုစောမောင် မလွယ်ဘူးလား (လွယ်ပါတယ်ဘုရား)၊ ဒါ. . . သာသနာတွင်းမို့ ဆရာကောင်း, သမားကောင်းကြုံလို့ ကိုစောမောင် ဒါပြောနိုင်တာ (မှန်ပါ့)။

နို့မဟုတ်ရင် (မပြောနိုင်ပါဘုရား)၊ မပြောနိုင်ဘူး၊ ခင်ဗျားတို့ ကလည်း ထောင်နိုင်တဲ့နားပါပါ့မလား (မပါပါဘုရား)။

## ဒီမီးပြီးရင်ဟိုမီးဆက်

ကဲ. . . အဲဒီကျတော့ ပြောမည့်လူလည်းမရှိ ထောင်နိုင်တဲ့နားကလည်း မရှိဆိုတော့ ခုနင်က လောင်စာနဲ့မီး သစ္စာနှစ်ခုနဲ့သာ နေကြ၊ ရောက်ရာမှာ ဒီမီးလောင်ပြီး သေကြပေတော့ (မှန်ပါ့ဘုရား)၊ ဒီမီးပြီးလည်း ဟိုမီးဆက်ပြီး ဟိုလောင်စာနဲ့ ဟိုမီးနဲ့ တွဲပြီး နေကြပေတော့ (မှန်ပါ့)၊ ပြီးတော့ သေကြပေတော့ ဆိုတာကော (မလွဲပါဘုရား)။

## ရဟန္တာတွေလည်း မြင်လိုက်ရတွေ့လိုက်ရပြီ

ဒီလိုချည်း သွားနေမှာကို ဘုန်းကြီးများ အခု ဘုရား

သခင်ကိုယ်တော်မြတ်ကြီး ဟောစဉ်တွေ အလုံးစုံ အကုန်သိမြင်ပြီး သကာလ **လောင်စာသိမ်း၍ မီးငြိမ်းတဲ့ရဟန္တာတွေလည်း မြင်လိုက်ရ တွေ့လိုက်ရရှိပြီး** သကာလနေတော့ ဒကာ ဒကာမတို့ ပယ်သစ္စာ နှစ်ပါးကို ပယ်ပါဆိုတဲ့ဥစ္စာ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဒုက္ခနဲ့ သမုဒယပယ်ရလိမ့်မယ် . . . မပယ်ရင် တော်ပါ့မလား (မတော်ပါဘုရား)၊ ကဲ. . . ဒါဖြင့် ဒုက္ခနဲ့ သမုဒယ ပယ်-မပယ်ဆိုတာက ကျန်နေပြန်တယ် ကိုစောမောင် (မှန်ပါ့)၊ အခုတော့ ဝိဇ္ဇာတော့ ဖြစ်သွားပြီ (မှန်ပါ့)၊ သက္ကာယဒိဋ္ဌိကော (ပြုတ်ပါတယ်ဘုရား)၊ သက္ကာယဒိဋ္ဌိလည်း ပြုတ်ပြီ၊ ကဲ. . . ဒါဖြင့် ဒကာ ဒကာမတို့ ဝမ်းထဲမှာ လောဘစိတ်ကလေးပေါ်လာရင် ဘာလုပ်ကြမယ် (ဖြစ်ပျက်ရှုရပါမယ်ဘုရား)၊ ဒေါသစိတ်ကလေး ပေါ်လည်း (ဖြစ်ပျက်ရှုရပါမယ်ဘုရား)၊ မောဟစိတ်ကလေး ပေါ်လည်း (ဖြစ်ပျက်ရှုရပါမယ်ဘုရား)၊ လျှချင်တန်းချင်တဲ့စိတ်ကလေးပေါ်လာလည်း (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

## အကောင်းစစ်လိုချင်လို့ရှာပစ်တာ

ဖြစ်ပျက်ရှု၊ သူများမေတ္တာပို့ချင်တဲ့စိတ်ကလေးပေါ် လာလည်း (ဖြစ်ပျက်ရှုရပါမယ်ဘုရား)၊ ဘယ့်နှယ်အကောင်းတွေ ရှုပစ်နေပါကလားလို့ အို. . ဒါ အကောင်းကလေး ရှုတာကွ၊

အကောင်းစစ်ကလေးလိုချင်လို့ အကောင်းကလေး ရှာပစ်တာ (မှန်ပါ့)၊ သဘောကျပလား (ကျပါပြီ)။

## ကုသိုလ်စိတ်လည်းဖြစ်ပျက်ရှု

အကောင်းကလေးဆိုတာက ခုနင်က ကုသိုလ်ပြုချင်တဲ့ စိတ်ကလေးပေါ်လာလည်း ဖြစ်ပျက်ရှုပါလို့ဆိုတော့ ဆိုရလိမ့်မယ်တဲ့၊ ဒီကုသိုလ်စိတ်ကိုလည်း ဖြစ်,ပျက်ရှုမှပဲရမယ် (မှန်ပါ့)၊ နို့မဟုတ် ကုသိုလ်စိတ်ကို ဖြစ်,ပျက်မရှုမိလို့ရှိရင်ဖြင့် ငါ. . . ဝင်လာမယ် (မှန်ပါ့)၊ ငါ. . . ကုသိုလ်လုပ်ဦးမယ် မလာပေဘူးလား (လာပါတယ်ဘုရား)။

ငါ. . . ဝင်လာတော့ သက္ကာယဒိဋ္ဌိက ဝင်မလာဘူးလား (လာပါတယ်ဘုရား)။

အဲ. . . ကုသိုလ်တော့ရရဲ့၊ နိဗ္ဗာန်မရဘဲဖြစ်သွားမယ် (မှန်ပါ့)၊ သဘောကျပလား (ကျပါပြီ)၊ ပြီးတော့ အဝိဇ္ဇာကကော . . . ဦးစီးမလာဘူးလား (လာပါတယ်ဘုရား)။

အဝိဇ္ဇာလည်း ဦးစီးလာတယ်တဲ့၊ ဒီမသိတဲ့သဘော ကုသိုလ်စိတ်ကလေးက လှူချင်တာ, ပေးချင်တာကို မသိတဲ့ အခါကျတော့ ငါကပေးချင်တဲ့ သဘောမျိုးတွေလည်း ရောက်လာတယ် (ရောက်လာပါတယ်ဘုရား)၊ ပျက်တတ်တဲ့ သဘောကော သိသေးရဲ့လား (မသိပါဘုရား)။

## အဝိဇ္ဇာနဲ့သက္ကာယဒိဋ္ဌိ

မသိတော့ အဝိဇ္ဇာက ပါလာတယ် (မှန်ပါ့)၊ မပါလာဘူးလား (ပါ-ပါတယ်ဘုရား)။

ဒါဖြင့် အဝိဇ္ဇာနဲ့ သက္ကာယဒိဋ္ဌိဆိုတာ အဖော်ပေါ့ဗျာ (မှန်ပါ့)၊ ရိပ်မိကြပလား (ရိပ်မိပါပြီဘုရား)၊ အဝိဇ္ဇာနဲ့ သက္ကာယဒိဋ္ဌိဆိုတာ (အဖော်ပါဘုရား)၊ တစ်ခု မမိရင်နှစ်ခုစလုံးမမိတော့ဘူး (မှန်ပါ့)၊ ကဲ-ဒါဖြင့် ဝမ်းထဲမှာ ပေါ်တာတွေလည်း ဖြစ်,ပျက်ရှုပေါ့ ချုံးလိုက်တော့ ဘယ်စိတ်ပေါ်ပေါ် ရှု (မှန်ပါ့)။

ဘာတုံး (ဘယ်စိတ် ပေါ်ပေါ်ဖြစ်, ပျက်ရှုရပါမယ်ဘုရား)။ ယုတ်စွအဆုံး အသက်ရှူ တဲ့ စိတ်ကလေးလည်းရှု, ရှိုက်တဲ့စိတ်လေးလဲ (ရှုရပါမယ်ဘုရား)။

## ဒိဋ္ဌိပယ်ပြီး၊ ဝိဇ္ဇာဖြစ်ချင်လို့ရှုတယ်

ဘာဖြစ်လို့ ရှုခိုင်းသတုံးလို့ မေးတဲ့အခါကျတော့ ဒိဋ္ဌိပယ်ပြီး ဝိဇ္ဇာဖြစ်ချင်လို့သာပြော (မှန်ပါ့)၊ ဒိဋ္ဌိပယ်ပြီးတော့ . . . (ဝိဇ္ဇာဖြစ်ချင်လို့ပါဘုရား)၊ ဝိဇ္ဇာဖြစ်ချင်လို့ ရှုတယ်ဆိုရင် ဒါ. . . အကိုက်ပဲ (မှန်ပါ့)။

ကိုင်း. . . ဒါဖြင့် တပည့်တော်တို့အရှင်ဘုရားပြောတဲ့အတိုင်း စိတ္တာနုပဿနာပဲ ရှုပါပြီဆိုတော့ ငရဲမျိုးစေ့ ဒိဋ္ဌိကလည်း ပြုတ်သွားတာသေချာတယ် (မှန်ပါ့)၊ သံသရာအစ အဝိဇ္ဇာပြုတ်

သွားတာကော - (သေချာပါတယ်ဘုရား)၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

## ဖြစ်ပျက်မြင်ရင်ငရဲမျိုးစေ့ပြုတ်တယ်

ငရဲမျိုးစေ့ သက္ကာယဒိဋ္ဌိပြုတ်တာကော . . . . (သေချာပါတယ်ဘုရား)။

ဖြစ်,ပျက် မြင်လိုက်ကတည်းက ငရဲမျိုးစေ့ သက္ကာယဒိဋ္ဌိ ဘယ့်နှယ်နေသလဲ (ပြုတ်ပါတယ်ဘုရား)၊ အင်း. . . ဖြစ်,ပျက် ရှေးကမမြင်ဘူး၊ ခုမှမြင်တာသည် ထိုးထွင်းပြီးမြင်တဲ့အတွက် ဝိဇ္ဇာပဲလား - အဝိဇ္ဇာပဲလား (ဝိဇ္ဇာပါဘုရား)။

ဒါဖြင့် ဝိဇ္ဇာဖြစ်သွားကတည်းက ပဋိစ္စသမုပ္ပါဒ် အစက အဝိဇ္ဇာ က စ,တာ ကျုပ်တို့ သန္တာန်ရှိသေးရဲ့လား (မရှိပါ)၊ ဒါဖြင့် သံသရာအစက ဖြတ်ပေးလိုက်တယ် (မှန်ပါ့)။

သံသရာအစက ဖြတ်ပစ်လိုက်တယ်၊ အလယ်ကလည်း ဖြတ်ပစ်လိုက်တယ်၊ အလယ်ကဆိုတာက တခြားမဟုတ်ဘူး သက္ကာယဒိဋ္ဌိက အလယ်က ဖြစ်နေတယ်၊ တဏှာကိုး (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒါဖြင့်. . . ပဋိစ္စသမုပ္ပါဒ်ကြီးမှာ တဏှာပစ္စယာ ဥပါဒါန်ကော လာသေးလား. . . (မလာပါဘုရား)၊ ခင်ဗျားတို့ ဒါလောက်တွင် ရ,ထားတာကိုး ဒိဋ္ဌိ - ဒိဋ္ဌုပါဒါန်ကလည်း ရှိသေးတယ်. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒိဋ္ဌိ. . . (ဒိဋ္ဌုပါဒါန်ပါဘုရား)၊ အဲဒါတဏှာပဲ၊ ဒိဋ္ဌိအုပ်ချုပ်တဲ့ တဏှာ (မှန်ပါ့)၊ ပြီးတော့မှ ဒိဋ္ဌိပြီးမှ ဒိဋ္ဌုပါဒါန်ပြီးမှ ဒိဋ္ဌိအုပ်ချုပ်တဲ့ ကံက လာတာရှိသေးတယ်. . . . (မှန်ပါ့)။

## ပဋိစ္စသမုပ္ပါဒ်ပြတ်တယ်

အခုလည်း ဒီအတွင်းကသွားတာပဲဆိုတာ ရိပ်မိပလား . . . (ရိပ်မိပါပြီ)၊ အဲ-ပဋိစ္စသမုပ္ပါဒ် မောင်နိုင် ဖြစ်ပျက်မြင်တဲ့ ပုဂ္ဂိုလ်မှာ ဝိဇ္ဇာလဲဖြစ်၊ သက္ကာယဒိဋ္ဌိလည်း ချုပ်သောကြောင့် ပဋိစ္စသမုပ္ပါဒ် အစကလည်း ဘာတုံး . . . (ပြတ်ပါတယ်ဘုရား)၊ အလယ်ကကော (ပြက်ပါတယ်ဘုရား)။

ဩော်. . . အစကပြတ်၊ အလယ်ကပြတ်ဆိုကတည်းက အစကပြတ်တဲ့အတွက်လည်းတဲ့ ဒကာ ဒကာမတို့သိတဲ့အတိုင်း တဲ့. . . နောက်ခန္ဓာလာဦးမလား (မလာပါဘုရား)၊ အလယ်က ပြတ်တဲ့အတွက်လည်း အနာဂတ်ခန္ဓာတွေ (မလာပါဘုရား)။

ဘယ်နှယ့်ကြောင့် မလာပါလိမ့်မတုံးလို့မေးတော့ သမုဒယသစ္စာက အလယ်ကနေတယ် (မှန်ပါ့)၊ ချုပ်သွားပြီ၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ပြီးတော့ ဒုက္ခသစ္စာလုပ်မည့် အဝိဇ္ဇာကလည်း လုပ်နိုင်သေးရဲ့လား. . . (မလုပ်နိုင်ပါဘုရား)။

ဒါဖြင့် ခန္ဓာလုပ်မည့် အဝိဇ္ဇာကလည်း မလုပ်နိုင်တော့ဘူး (မှန်ပါ့)၊ လောင်အောင်ထွန်းမည့်မီးကလည်း ကျုပ်တို့က သက္ကာယ ဒိဋ္ဌိပြုတ်ကတည်းက ချုပ်သွားပါပြီ (ချုပ်သွားပါပြီ ဘုရား)။

## လောင်စာလုပ်မည့်တရားမရှိတော့

ဒါဖြင့် ဒကာ ဒကာမတို့ သိတဲ့အတိုင်းလောင်စာ လုပ်မည့်တရားလည်းမရှိတော့ဘူး ၊ လောင်စာမီးဖြစ်မည့် တရားလည်း (မရှိပါဘုရား)။

ဒါဖြင့် ဒီအလုပ်လုပ်နေရင်ဖြင့် လောင်စာသိမ်းမီးငြိမ်း တယ်. . . (မှန်ပါ့)၊ ဘယ့်နှယ်ဆိုကြမလဲ. . . (လောင်စာသိမ်း၍ မီးငြိမ်းပါတယ်ဘုရား)၊ လောင်စာသိမ်း မီးငြိမ်းတယ်ဆိုတာ သေချာပလား. . . . (သေချာပါပြီဘုရား)။

ဩော်. . . ဒါဖြင့် အရှင်ဘုရားအခုဟောတဲ့ စိတ္တာနု ပဿနာကို တပည့်တော်တို့ကြိုးစားတော့မယ်၊ ဒီ အလုပ် သည်ကားလို့ ဆိုရင်ဖြင့် တစ်သံသရာလုံးလောင်စာနဲ့ မီးကို ဘယ်အခါကာလမှ မငြိမ်းတတ်တာကို တပည့်တော်တို့အခု ဖြစ်ပျက်ရှုလိုက်တဲ့အတွက် သက္ကာယဒိဋ္ဌိဆိုတဲ့ လောင်စာမီး လည်းသေပြီ. . . (မှန်ပါ့)၊ လောင်စာလုပ်စေတတ်တဲ့ အဝိဇ္ဇာ ကော. . . . (သေပါပြီဘုရား)။

သေတော့နောက်ခန္ဓာပေါ်ဦးမလား (မပေါ်ပါဘုရား)၊ နောက်မီးလာဦးမှာလား (မလာပါဘုရား)။

## မီးငြိမ်းတဲ့တရားသည်ဝိပဿနာ

ဟာ. . . ဒါဖြင့် လောင်စာသိမ်း၍ မီးငြိမ်းတဲ့တရားသည် ဝိပဿနာပဲရှိတယ်. . . . (မှန်ပါ့)။

လောင်စာသိမ်း၍ မီးငြိမ်းတဲ့တရားသည် (ဝိပဿနာပဲ ရှိပါတယ်ဘုရား)၊ ဝိပဿနာပဲရှိတယ်ဆိုတာ ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဝိပဿနာလုပ်မယ်ကြံတော့ မြင်တဲ့စိတ်ကိုလည်း ပေါ်ရင်ရှုပါ၊ ကြားစိတ်လည်းရှုပါ၊ ဒါ အလုပ်စဉ် ပေးနေတယ် (မှန်ပါ့)၊ နံစိတ်လည်း (ပေါ်-ရှုပါ)။

## ဝိပဿနာရှုပါ

နှာခေါင်းထဲပေါ်တဲ့စိတ်လည်းရှုပါ၊ လျှာပေါ် အလယ် ပေါ်တဲ့စိတ်ကော (ရှုပါဘုရား)၊ ကိုယ်ပေါ်မှာ တစ်ကိုယ်လုံးမှာ ယားချင်တဲ့နေရာယား၊ နာချင်တဲ့နေရာနာ ဘာလုပ်ကြရမလဲ (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဒါက ကိုယ်ပေါ်ကပြီးသွားတယ် (မှန်ပါ့)။

ပြီးတော့ဝမ်းထဲကျတော့လည်း လောဘ၊ ဒေါသ၊ မောဟ, အလောဘ, အဒေါသ, အမောဟ, ဒါပဲရှိတယ် (မှန်ပါ့) ဒီပြင်ဘာမှမရှိဘူး (မှန်ပါ့)။

လောဘလာလည်းဘာလုပ်ရမလဲ (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

## လောဘဖြစ်ပျက်ရှု

အဲ . . . လောဘဟာဖြစ်ပျက်ရှုလိုက်တော့ သူဖြစ်ပြီးပျက်သွားတဲ့ အနိစ္စကိုကျုပ်တို့က ဖြစ်ပြီးပျက်သွားတာပဲလို့ ဉာဏ်နဲ့ရှုလိုက်တဲ့ အခါကျတော့ ဒကာ ဒကာမတို့ သက္ကာယဒိဋ္ဌိကော ပြုတ်မသွားဘူးလား (ပြုတ်သွားပါတယ်ဘုရား)။

လောဘစိတ်ဟာ ငါထင်သေးသလား၊ ဖြစ်ပျက်လို့သိသွားသလား (ဖြစ်ပျက်လို့သိသွားပါတယ်ဘုရား)၊ ဖြစ်ပျက်လို့သိသွားတော့ ဝိဇ္ဇာကြောင့်သိတာ (မှန်ပါ့)။

ဒါဖြင့်ဖြစ်ပြီး ပျက်တာမြင်သဖြင့် သက္ကာယဒိဋ္ဌိလည်း ပြုတ်ပါတယ်၊ အဝိဇ္ဇာလည်း (ပြုတ်ပါတယ်ဘုရား)၊ ပြုတ်ပါတယ်ဆိုတာ သေချာပလား (သေချာပါတယ်ဘုရား)။

သက္ကာယဒိဋ္ဌိပြုတ်တော့ အလယ်ကပြတ်တယ် (မှန်ပါ့)၊ အဝိဇ္ဇာက ဝိဇ္ဇာဖြစ်တော့ ပဋိစ္စသမုပ္ပါဒ် ခန္ဓာလုပ်တဲ့တရားအစက ပြတ်တယ် (မှန်ပါ့)။

## သစ္စာနှစ်ပါးပယ်ပြီးသားဖြစ်တယ်

ဒါဖြင့်ခန္ဓာလုပ်တဲ့ အဝိဇ္ဇာကော (ပြုတ်ပါတယ်ဘုရား)၊ ပြုတ်ပါပြီ။

မီးဖြစ်မည့်တဏှာကော (ပြုတ်ပါတယ်ဘုရား)၊ ဒိဋ္ဌိ လာသေးရဲ့လား (မလာပါဘုရား)။

မလာကတည်းကိုက ကျုပ်တို့သည် ဒီသစ္စာနှစ်ပါးကို လုပ်နေတဲ့ဥစ္စာ ပယ်ပြီးသားဖြစ်နေတယ် (မှန်ပါ့)။

ဒါဖြင့် ဒါမျှားမျှား လုပ်တဲ့အခါကျလို့ရှိရင်ဖြင့် တကယ် တမ်းပြီးသွားပြီဆိုတော့ ကိုယ့်ရှေ့တွင် ကိလေသာလည်း ဖြစ်ပျက် တွေ ဆုံးဆုံးသွားတယ်၊ ဆုံးချင်လို့ဆုံးတာမဟုတ်ဘူး ဒကာ ဒကာမတို့ မီးငြိမ်းလို့ဆုံးတာ (မှန်ပါ့)၊ သဘောကျပလား (ကျပါပြီ)။

## ဒီဘဝဒီခဏမှာအလုပ်လုပ်ပါ

အဲဒီတော့ ကိုယ့်ရှေ့တွင် ဒီဘဝ-ဒီခဏမှာ ဒကာ ဒကာမတွေ ခန္ဓာပျောက်တဲ့အလုပ်ကိုလုပ်ပါ (မှန်ပါ့)။

ခန္ဓာပျောက်တယ်ဆိုတာ ခန္ဓာတင်ပျောက်တာမဟုတ် ဘူးတဲ့ မီးပါငြိမ်းလို့ပျောက်တာ. . . (မှန်ပါ့)၊ ရိပ်မိပလား (ရိပ်မိ ပါပြီဘုရား)။

## ခန္ဓာပျောက်တာမီးငြိမ်းသွားတာ

ခန္ဓာပျောက်တယ်ဆိုတော့ မီးငြိမ်းသွားတယ်ဆိုတော့ ကိုစောမောင်ရေ မီးကော, ထင်းကောတွေ့သေးရဲ့လား (မတွေ့ပါဘုရား)။

မီးငြိမ်းသွားပဟေ့ဆိုလို့ရှိရင် ရဲရဲတောင်မကျန်တော့ဘူး၊ ရဲရဲကျန်သေးရင်မီးခဲကျန်သေးလို့. . . (မှန်ပါ့)။

အဲဒီတော့ မီးကောလောင်စာကော သိမ်းတဲ့အလုပ်ဟာ ဖြင့် ဒီစိတ္တာနုပဿနာကို ဒကာ ဒကာမတွေ ဒိဋ္ဌိဖြုတ်မှာလဲ သူအကောင်းဆုံးပဲ. . . (မှန်ပါ့)၊ ရှေးဦးစွာ အားထုတ်ရမယ်၊ နောက်သူကနေပြီးသကာလ ဝေဒနာနုပဿနာတက်ချင်တော့ တဏှာသတ်တဲ့အခါကျတော့ တက်တာပေါ့၊ အခုတော့ ဒိဋ္ဌိသတ်တုန်းရှိနေတယ်. . . (မှန်ပါ့)၊ ရိပ်မိပလား. . . . (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ လုပ်တတ်ပလား (လုပ်တတ်ပါပြီဘုရား)၊ အပြင်ဧည့်သည် မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ် ဒီမှာပေါ်တဲ့စိတ်တွေအကုန်ရှု. . . (မှန်ပါ့)။

အတွင်းဧည့်သည်ဆိုတာ လောဘ, ဒေါသ, မောဟ, အလောဘ၊ အဒေါသ၊ အမောဟ ဒါရှုပေး (မှန်ပါ့)၊ ဒီပြင်ဘာရှိသေးတုံး (ဘာမှမရှိပါဘုရား)၊ ဘာမှရှုစရာမရှိရင် ရှူစိတ်၊ ရှိုက်စိတ်ကို ဆက်ရှုနေ (မှန်ပါ့)၊ ဉာဏ်နဲ့တည့်ပြီးရှုထား လိုက်လို့ရှိရင် ဖြစ်မှု ပျက်မှုတွေ့ တွေ့လိမ့်မယ် . . . (မှန်ပါ့)။

## ဖြစ်ပျက်ဟာသက္ကာယဒိဋ္ဌိကွာတယ်

ဖြစ်ပျက်တွေ့လို့ရှိရင် ဖြစ်ပျက်ဟာ သက္ကာယဒိဋ္ဌိကွာပါတယ်၊ ငါမဟုတ်လို့ဖြစ်ပျက်တာပဲဆိုတော့ သက္ကာယဒိဋ္ဌိမကွာဘူးလား. . . (ကွာပါတယ်ဘုရား)။

အင်း . . . ဖြစ်ပျက်ကို တကယ်မြင်လိုက်တဲ့အခါကျလို့ရှိရင်လည်း ဒကာ ဒကာမတို့ ရှေးကမမြင်ဖူးတာ မြင်သောကြောင့် ဝိဇ္ဇာမျက်လုံးနဲ့မြင်တာ (မှန်ပါ့ဘုရား)၊ ဝိဇ္ဇာမျက်လုံးမလာရင် (မမြင်ပါဘုရား)၊ မမြင်နိုင်ဘူးဆိုတာ သေချာပလား (သေချာပါပြီဘုရား)၊ အဲဒါ ဒကာ-ဒကာမတို့ အဝိဇ္ဇာနဲ့တဏှာ ချုပ်တာ (မှန်ပါ့)၊ အဝိဇ္ဇာက ခန္ဓာလုပ်တယ်၊ တဏှာက ခန္ဓာ လောင်တယ်၊ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

## ခန္ဓာလည်းမရှိဘူး

အဝိဇ္ဇာက. . . (ခန္ဓာလုပ်ပါတယ်ဘုရား)၊ ဒါကြောင့်မို့ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ"လို့ ခန္ဓာကြီးပေါ်ပေါ်လာတယ် (မှန်ပါ့)၊ မပေါ်လာဘူးလား (ပေါ်လာပါတယ်ဘုရား)၊ အဲ. . . အဝိဇ္ဇာက ခန္ဓာလုပ်တော့ ဝိဇ္ဇာက လုပ်သေးရဲ့လား (မလုပ်တော့ပါဘုရား)၊ ဒါဖြင့် ခန္ဓာလည်းမရှိဘူး. . . (မှန်ပါ့)။

ဒီ . . . ဖြစ်ပျက်-ဖြစ်ပျက်တာ ငါမဟုတ်ကြောင်း သိသဖြင့် ငါဆိုတဲ့လောဘဒိဋ္ဌိကကော. . (ပြုတ်ပါတယ်ဘုရား) ပြုတ်သွားတော့ သူကလည်း လောင်မီးကိုးဗျ နဂိုက. . . (မှန်ပါ့)၊ လောင်မီးကောရှိသေးရဲ့လား. . . (မရှိပါဘုရား)။

ဒါဖြင့်လောင်စာလည်းမရှိ၊ လောင်မီးလည်းမရှိတဲ့ ဒီအလုပ်သာခင်ဗျားတို့ လုပ်လို့ရှိရင် လောင်စာသိမ်း၍မီးငြိမ်းတာ ကေန်ရတယ် (မှန်ပါ့)၊ လောင်စာသိမ်း၍မီးငြိမ်းတာ ကေန်ရတယ် ဆိုတာ သဘောပါပလား. . . (ပါပါပြီဘုရား)။

## ငြိမ်းသွားတာကနိရောဓသစ္စာ

ကဲ . . . ဒါဖြင့် လောင်စာသိမ်းတာက ဘယ်သူတုံး ဘုရား့ဆိုတော့ ဝိဇ္ဇာမဂ္ဂင်. . . (မှန်ပါ့)၊ သဘောကျပလား (ကျပါပြီ)၊ မီးငြိမ်းပေးတာက ဝိဇ္ဇာမဂ္ဂင်၊ သဘောကျပလား. . . (မှန်ပါ့)၊ ဝိဇ္ဇာမဂ္ဂင်က သိမ်းပေးလိုက်တဲ့အခါကျတော့ မီးငြိမ်း တဲ့အခါကျတော့ ငြိမ်းမသွားဘူးလား (သွားပါတယ်ဘုရား)၊ ငြိမ်းတာက နိရောဓသစ္စာ၊ ငြိမ်းပေးတာက မဂ္ဂသစ္စာ၊ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

## ငြိမ်းပေးတာကမဂ္ဂသစ္စာ

ငြိမ်းပေးတာက (မဂ္ဂသစ္စာပါဘုရား)၊ ငြိမ်းသွားတာက (နိရောဓသစ္စာပါဘုရား)၊ အဲ . . အခုလုပ်နေတာက ဖြစ်ပျက်၊ လုပ်နေတာက ငြိမ်းနေတာ (မှန်ပါ့)၊ နောက်အကုန်ငြိမ်းသွားတဲ့ အခါကျတော့ ဘာသစ္စာလဲ (နိရောဓသစ္စာပါဘုရား)၊ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ကဲ. . . ယနေ့ ဒီတွင် တော်ကြဦးစို့. . . . ။

သာဓု. . . သာဓု. . . သာဓု. . .